# ကြေးမုံ
The Mirror Daily

၁၉၅၇ ဖြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း**

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘော ပေတည်း။

ယမကဝဂ်( ဓမ္မပဒ-၅)


၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 27 September 2023 ၁၁၂၃၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

ယှဉ်ပြိုင်မှုဥပဒေအကြောင်း သိကောင်းစရာများ — ဆောင်းပါး စာမျက်နှာ » ၆

SIM Card များကို စနစ်တကျ မှတ်ပုံတင် ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျပြန်လည်မှတ်ပုံတင်ခြင်း အမိန့်ကြော်ငြာစာထုတ်ပြန် — စာမျက်နှာ » ၇

အကြိမ်(၃၀)မြောက် နိုင်ငံတကာအဆင့် မြန်မာ့တပ်မတော် ဆေးပညာနီးနှောဖလှယ် ပွဲအကြို အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ — စာမျက်နှာ » ၉

မြန်မာနိုင်ငံအတွင်း ကိုရီးယား အထည်ချုပ်လုပ်ငန်း၊ ချည်ထုတ်လုပ်ရေး၊ ချည်ငင်နှင့် ဆေးဆိုးလုပ်ငန်းများတွင် တိုးချဲ့ရင်းနှီးမြှုပ်နှံမည် — စာမျက်နှာ » ၁၂




## တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ညောင်ကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာတို့မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ဂေါ့ကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာတို့မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ မြနဒီကျောင်းတိုက် သာသနာ့ရက္ခိတဗိမာန်တော်ကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖




## နတ်မောက်မြို့နယ်၌ မိုးစပါး ဧက ၂၄၈၆၀ စိုက်ပျိုးပြီးစီး လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်

နတ်မောက် စက်တင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်၌ မိုးစပါးဧက ၂၄၈၆၀ စိုက်ပျိုးပြီးစီး၍ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးပြီးစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

နတ်မောက်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးစိုက်ပျိုးရန် ၂၄၆၀၇ ဧကလျာထား ခဲ့ပြီး လက်ရှိမြေပြင်တွင် ဧက ၂၄၈၆၀ စိုက်ပျိုးနိုင်ခဲ့၍ လျာထားဧကထက် ကျော်လွန် စိုက်ပျိုးနိုင်ခဲ့သည်။

မိုးစပါးများစိုက်ပျိုးရာတွင် စပါးမျိုးများဖြစ်သည့် မနောသုခ၊ ဆင်းသုခ၊ ရှောမင်း၊ ယာ-၂၊ ရတနာတိုး စပါးမျိုးများအပြင် ဆာဖိုးသာ၊ စာမျက်နှာ ၃ ကော်လံ ၃ သို့ ○

ကြေးမုံ

# အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်

အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုဆိုသည်မှာ သဘာဝပတ်ဝန်းကျင်နှင့် ရေရှည်တည်တံ့သော အလေ့အကျင့်များကို မြှင့်တင်ရန်ရည်ရွယ်သည့် ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သော ငွေကြေးဆိုင်ရာလှုပ်ရှားမှုများနှင့် အစပျိုးလုပ်ဆောင်မှုများကို ဆိုလိုခြင်းဖြစ်သည်။ အစိမ်းရောင်စီးပွားရေးသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးအတွက် အသုံးချနိုင်သကဲ့သို့ ရာသီဥတုပြောင်းလဲမှုကို ကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံအတွင်း သဘာဝအရင်းအမြစ်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းသည့် လုပ်ငန်းစဉ်လည်းဖြစ်သည်။

အကျိုးကျေးဇူးများသော အစိမ်းရောင်စီးပွားရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကမ္ဘာပေါ်ရှိနိုင်ငံများက အလေးထားလုပ်ဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ များသောအားဖြင့် ခရီးသွားလုပ်ငန်းကို ဟိုတယ်နှင့်ခရီးသွား လမ်းညွှန်လုပ်ငန်းအဖြစ်သာ ရှုမြင်ထားကြသည်။ အမှန်တကယ်တွင် ခရီးသွားလုပ်ငန်းသည် တည်းခိုနေထိုင်ရေးနှင့် ဧည့်ဝတ်ကျေပွန်ရေးအပြင် ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်၊ လမ်းတံတား၊ စည်ပင်သာယာ၊ မြို့ပြနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSMEs) လုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုစသည့် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ချိတ်ဆက်ထားသည်။

ထို့အပြင် မသန်စွမ်းသူများလည်း ပါဝင်လုပ်ကိုင်နိုင်ပြီး တိုင်းရင်းသားလူမျိုးစုဒေသများ၌ ဒေသခံတိုင်းရင်းသားများနှင့်လူငယ်များပါ ပါဝင်လုပ်ကိုင်နိုင်သည်။ ခရီးသွားလုပ်ငန်းများတွင် လုပ်သားအင်အား၏ ၅၄ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြသည်ဟု စစ်တမ်းများတွင်တွေ့ရသည်။ စွန့်ဦးလုပ်ငန်းရှင်များနှင့် MSMEs လုပ်ငန်းလုပ်ကိုင်သူများအတွက် အခွင့်အလမ်းများစွာ ဆောင်ကြဉ်းပေးနိုင်သည့်အပြင် ဆင်းရဲမှုလျှော့ချရေးနှင့် နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရေးပါသည့်ကဏ္ဍဖြစ်သည်။ ခရီးသွားလုပ်ငန်းကိုအကြောင်းပြု၍ ဂေဟစနစ်ထိန်းသိမ်းရေးနှင့် ဒစ်ဂျစ်တယ်အဆောက်အအုံဖွံ့ဖြိုးရေးကို အထောက်အကူပြုလျက်ရှိသည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ၏ အစီရင်ခံစာအရ ခရီးသွားလုပ်ငန်းမှ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုး(GDP)၏ ၇ ဒသမ ၆ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိသည်ဟု ထုတ်ပြန်ထားသည်။ ကမ္ဘာ့အလုပ်အကိုင်စုစုပေါင်း၏ ကိုးရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုသည့် လူပေါင်း ၂၉၅ သန်းကို အလုပ်အကိုင်များ ဖန်တီးပေးခဲ့သည်ဟု သိရသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၂၂ ခုနှစ်တွင် ကျပ်ငွေ ၂၄၄၈ ဘီလီယံ တစ်နည်းအားဖြင့် ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုး(GDP)၏ ၂ ဒသမ ၁ ရာခိုင်နှုန်းကို ခရီးသွားကဏ္ဍမှ တိုက်ရိုက်ပံ့ပိုးပေးနိုင်ခဲ့ကြောင်းသိရသည်။ ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာဝပြောရေးကို အလေးထားဆောင်ရွက်ပြီး ခရီးသွားကဏ္ဍ မြင့်မားတိုးတက်လာရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိမ်းလန်းစိုပြည်သော သဘာဝတောတောင်များ၊ မြစ်ချောင်း၊ အင်းအိုင်များပေါများသည်။ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ အစိမ်းရောင်သစ်တောများ၊ ရှုခင်းအလှများ၊ သစ်ပင်ပန်းမန်များ၊ ရေတံခွန်များ၊ ရေခဲတောင်များ၊ တောရိုင်းတိရစ္ဆာန်မျိုးစိတ်သစ်များ၊ သဘာဝအခြေခံဂေဟစနစ်များ၊ ဆောင်းခိုငှက်များ၊ ပင်လယ်ကမ်းခြေများ၊ အံ့ဖွယ်အဆောက်အအုံများ စသည်ဖြင့် စိတ်ဝင်စားဖွယ်ရာများ အမြောက်အမြားရှိသည်။

အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအနေဖြင့် အခွင့်အလမ်းများနှင့်အတူ စိန်ခေါ်မှုများစွာရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာများ၊ အစိမ်းရောင်အခြေခံအဆောက်အအုံများ တည်ဆောက်ရေးနှင့် ထိန်းသိမ်းမြှင့်တင်ရေး၊ သဘာဝဘေးအန္တရာယ်များနှင့် အနေ့ာင့်အယှက်အဖျက်လုပ်ရပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့်လူ့စွမ်းအားအရင်းအမြစ်များ စသည်တို့နှင့်ပတ်သက်၍ ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမြှင့်တင်ရန် လမ်းညွှန်တိုက်တွန်းအားပေးလျက်ရှိသည်။

ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သော ဝန်ဆောင်မှုလုပ်ငန်းများသည် ဧည့်သည်များ စိတ်ကျေနပ်မှုရှိအောင် ဖန်တီးဖော်ဆောင်ပေးသောလုပ်ငန်းဖြစ်၍ အရည်အသွေးပြည့်မီသည့် ဝန်ဆောင်မှုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ့စီးပွားမြှင့်တင်မှုကို တိုက်ရိုက်အထောက်အကူပြုလျက်ရှိသည့်အပြင် ယနေ့ကမ္ဘာတွင် လိုအပ်လျက်ရှိသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အားကောင်းလာစေရေးအတွက် ကျယ်ပြန့်သည့်လုပ်ငန်းကဏ္ဍဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းများကို တိုးတက်ရှာဖွေပေးနိုင်သဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ဒေသအလိုက် အထောက်အကူပြုနိုင်သည်။

သို့ဖြစ်ရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝ အဆင့်မြှင့်တိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနယ်ပယ်အသီးသီးတွင် အားလုံးအတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။



## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ လွိုင်ကော်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်ခင်မြင့် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## သိန္နီမြို့၌ (၂၉) ကြိမ်မြောက် မြို့နယ်လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူ



**သိန္နီ စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန္နီမြို့၌ မြို့နယ်ရဲတပ်ဖွဲ့နှင့် မိသားစုဝင်များက လားရှိုး-မူဆယ်လမ်းမကြီးပေါ် ဝင်းစတိုးရှေ့၌ (၂၉)ကြိမ်မြောက်အဖြစ် ဆွမ်းဆန်တော် လောင်းလှူသည်။

အဆိုပါ ဆွမ်းဆန်တော်လောင်းလှူပွဲတွင် ရဟန်း၊ သာမဏေနှင့် သီလရှင် ၉၄၇ ပါး တို့ကို မြို့နယ်ရဲတပ်ဖွဲ့မှူးနိုင်တင်အေး၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့နှင့် မိသားစုဝင်များက ဆွမ်းဆန်တော်များ လောင်းလှူခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂၆ - ၉ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၈,၉၀၀ | ၅၄၉ | ၄,၉၀၁,၆၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၀၀ | ၁၇၇ | ၅၄၈,၇၀၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၁၃ | ၉၆,၂၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၁၉၉ | ၃၃၈,၃၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၀ | ၀ |
| EFR | ၂,၂၅၀ | ၂,၂၅၀ | ၁၀ | ၂၂,၅၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၂ | ၉,၈၀၀ |
| MAEX | ၁,၇၀၀ | ၁,၇၅၀ | ၃၉၁ | ၆၇၄,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၄)နှစ်မြောက် အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကျင်းပ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်တက်ရောက်

**ရန်ကုန် စက်တင်ဘာ ၂၆**

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ တည်ထောင်သည့် (၇၄)နှစ်မြောက် အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ Wyndham Grand Yangon ဟိုတယ်အမရပူရခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဇနီးတို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

**နှုတ်ခွန်းဆက်စကားပြော**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး ယာယီတာဝန်ခံ Ms. Cao Jing က နှုတ်ခွန်းဆက်စကား ပြောကြားသည်။




ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး ယာယီတာဝန်ခံ Ms. Cao Jing တို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၄) နှစ်မြောက် အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြပြီး အခမ်းအနားသို့ တက်ရောက် လာကြသူများအား သံရုံးယာယီတာဝန်ခံက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်းနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တရုတ်-မြန်မာချစ်ကြည်ရေးအသင်း (ဗဟို)မှ နာယကနှင့် တာဝန်ရှိသူများ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် ပြည်သူ့ရေးရာဌာန ညွှန်ကြားရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၆**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား တရုတ်နိုင်ငံ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် ပြည်သူ့ရေးရာဌာန ညွှန်ကြားရေးမှူး Ms. Zeng Yan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။(ယာပုံ)



**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံမီဒီယာချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ယူနန်ပြည်နယ် မီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအစိုးရချင်း သာမက ပြည်သူများအချင်းချင်း ရင်းနှီးကျွမ်းဝင်မှုနှင့် နားလည်မှုရှိစေရေး၊ ရုပ်မြင်သံကြားနှင့် ပုံနှိပ်မီဒီယာများအပြင် New Media ကဏ္ဍတွင်လည်း ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံရေး၊ စီးပွားရေးကဏ္ဍများတွင်လည်း ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးကြသည်။




တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော် ယူနန်ပြည်နယ် ပါတီကော်မတီ အမြဲတမ်းကော်မတီ အဖွဲ့ဝင်နှင့် ပြည်သူ့ရေးရာဌာန ညွှန်ကြားရေးမှူးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဧည့်သည်တော်အဖွဲ့အား နေပြည်တော်ရှိ Horizon Lake View ဟိုတယ်တွင် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နံနက်ပိုင်းတွင်လည်း ယူနန်ပြည်နယ် ပါတီကော်မတီ အမြဲတမ်းကော်မတီ အဖွဲ့ဝင်နှင့် ပြည်သူ့ရေးရာဌာန ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် နေပြည်တော် - တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်လေ့လာကြရာ **(ဝဲပုံ)** ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများ၊ MRTV-NRC Channel မှ တိုင်းရင်းသား တိုင်းရင်းသူများက ဦးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နှစ်နိုင်ငံမီဒီယာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ယင်းနောက် MRTV News Channel Studio တွင် သတင်းရိုက်ကူးထုတ်လွှင့်မှုကို လည်းကောင်း၊ Auditorium ခန်းမတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၏ "သွေးချင်းတို့ဌာနေ မြန်မာပြည်" တေးသီချင်း သရုပ်ဖော်ရိုက်ကူးမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်းရှိ Mini Theatre တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သမိုင်းကြောင်းနှင့် စိန်ရတုပြတိုက်အကြောင်း ရုပ်သံမှတ်တမ်းကို ကြည့်ရှုအားပေးပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ တူရိယာပစ္စည်းများ၊ ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများစသည့် စုစုပေါင်းပြခန်း ၄၀ တွင် ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသသည်။

မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် ပြည်သူ့ရေးရာဌာန ညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) သို့ သွားရောက်၍ ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်း၊ ကျောက်မျက်အချောထည်များ၊ လက်ဝတ်ရတနာများ၊ ပုလဲအတွဲများကို လိုက်လံကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ညနေပိုင်းတွင် အဆိုပါအဖွဲ့သည် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**

**❖ ရှေ့ဖုံးမှ**

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်နှစ်ပါး၊ သာသနာ့နွယ်ဝင်သီလရှင် သုံးပါးနှင့် ဒေသခံပြည်သူ ၁၂၆ ဦးတို့အား သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ သားဖွားမီးယပ် ရောဂါ၊ အရိုးအကြောရောဂါ၊ နား/နှာခေါင်း/ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❍ နတ်မောက်မြို့နယ်မှ**

GW-11၊ ရွှေအာဆီယံစပါးများကို အထွက်နှုန်း ကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် စံကွက်များ၊ စမ်းသပ်ကွက်များ စိုက်ပျိုးထားရှိပြီး တောင်သူများ မိုးစပါးစိုက်ပျိုးရာသီတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ သွင်းအားစုပစ္စည်းများ၊ သီးနှံမျိုးစေ့များ ကူညီထောက်ပံ့ပေးခြင်း ဆောင်ရွက်လျက်ရှိပြီး ပိုးမွှားရောဂါများ ကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**စတင်ရိတ်သိမ်း**

အဆိုပါမိုးစပါးများကို နတ်မောက်မြို့နယ်တွင် ဇူလိုင်လဆန်းပိုင်းတွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလ နောက်ဆုံးပတ်တွင် စတင်ရိတ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

**မှူမှူစန်း**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရန်ကုန်မြို့ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံအား ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၆

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် အမြဲတမ်းအတွင်းဝန်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်ခရိုင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းမပေါ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဇီဝိတဒါနသံဃာ့ဆေးရုံအစည်းအဝေးခန်းမ၌ ဇီဝိတဒါန သံဃာ့ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နှင့်တွေ့ဆုံရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးမောင်သန်းက ဇီဝိတဒါနသံဃာ့ဆေးရုံ၏ သမိုင်းကြောင်းနှင့် ဆောင်ရွက်နေမှုလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ဆေးရုံအုပ်ကြီး ဒေါက်တာဦးမောင်အေးက ဆေးရုံအတွင်းဆေးကုသဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်းကာ လိုအပ်သည်များ မှာကြား၍ ဇီဝိတဒါနသံဃာ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေကျပ် ၂၀၅၀၀၀၀နှင့် တစ်နေ့တာ ဆွမ်းပဒေသာပင် အလှူငွေကျပ် ၄၅၀၀၀၀ ပေးအပ်လှူဒါန်းသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဆေးရုံတက်ရောက် ကုသမှုခံယူနေသော ရဟန်း ၄၈ ပါးနှင့် သီလရှင် ၁၇ ပါး စုစုပေါင်း ၆၅ ပါးတို့အား ကျန်းမာရေး အခြေအနေများ မေးမြန်းလျှောက်ထား၍ အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်ခရိုင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းမပေါ်ရှိ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တိပိဋကဓြဝါဒါစရိယ စေတိယင်္ဂဏပဝရ သီရိမဟာဓမ္မဂုရု အဂ္ဂမဟာပဏ္ဍိတ သ.စ.အ ဓမ္မာစရိယ(ဝဋ္ဋသကာ) ပါဠိပါရဂူ ပဓာနနာယက ဘဒ္ဒန္တ နာရဒါဘိဝံသ (လှရတနာဆရာတော်)၊ စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ အာရှတော်ဝင်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ လှည်းကူးမြို့နယ် ပြည်တော်သာရပ်ကွက် ဝါးရုံတော သာသနပါလကျောင်းတိုက် ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဝိသုတာဘိဝံသ၊ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ တိလောကာဘိဝံသ၊ အင်းစိန်မြို့နယ် အောင်ဆန်းတပ်ဦးတောရကျောင်း ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဒေါက်တာ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ ဆရာတော် အရှင်သူမြတ်တို့အား သီးခြားစီ သွားရောက်ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထား၍ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကာ ဆရာတော်ကြီးများထံမှ ဩဝါဒကထာ နာယူကြည်ညိုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် အထက-၂(မုံရွာ)ကျောင်းအုပ်ချုပ်မှုတာဝန်ခံ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၊ စက်မှု စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေး

မုံရွာ စက်တင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မုံရွာမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း(အလုံ)သို့ ရောက်ရှိရာ ကျောင်းအုပ်ကြီး ရုံးခန်းတွင် ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိ၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အခြေခံပညာကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးနှင့် ကျောင်းအဆောက်အအုံများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေး အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း မိမိကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ကျောင်းဝင်းအတွင်း သန့်ရှင်းသပ်ရပ်ရေးတို့ကို အမြဲဆောင်ရွက်သွားကြရန် မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါကျောင်းဝင်းအတွင်းရှိ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းသို့ တက်ရောက်နေကြသော ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုများ၊ ကျောင်းသား ကျောင်းသူများကိုယ်တိုင် စိုက်ပျိုးထားသော စားဖိုဆောင်သီးနှံစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုများနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများ ခင်းကျင်းပြသထားရှိမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါကျောင်းဝင်းအတွင်းရှိ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း



အလျား ၁၁၄ ပေ၊ အနံ ၃၂ ပေ နှစ်ထပ် ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း(အလုံ)တွင် Grade-12 ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# လဟယ်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဖြင့် ဆိုင်ကယ်လမ်း ဖောက်လုပ်နေမှု စစ်ဆေး

လဟယ် စက်တင်ဘာ ၂၆

စစ်ကိုင်း တိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဂဟုန်းကျေးရွာ၌ ဆိုင်ကယ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ လဟယ်မြို့နယ် ကျေးလက်ဒေသ



ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိုး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ ဂဟုန်းကျေးရွာတွင် အရှည်ခြောက်မိုင်၊ အကျယ် ခြောက်ပေရှိ ဆိုင်ကယ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

## ဆောင်ရွက်ပြီးစီး

အဆိုပါလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀ ကို အသုံးပြုကာ ဩဂုတ်လ တတိယပတ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ၂၂၂

# ကျောက်တံခါးမြို့နယ်၌ ဆောင်းသီးနှံ(ဆီထွက်သီးနှံ)ကေ ၇၀၀၀ကျော် စိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ကျောက်တံခါး စက်တင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ဆောင်းသီးနှံ (ဆီထွက်သီးနှံ)ကေ ၇၀၀၀ ကျော် စိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက စိုက်ပျိုးရေးနည်းစနစ်များနှင့် ဆောင်းသီးနှံမျိုးကောင်းမျိုးသန့် ရရှိရေးတို့ကို ပြောကြားသည်။



ဆက်လက်၍ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက သဘာဝမြေဆွေးပြုလုပ်ဆောင်ရွက်မှု လုပ်ငန်းအဆင့်ဆင့်အား power point ဖြင့် ရှင်းလင်းပြောကြားသည်။

ဆောင်းသီးနှံ (ဆီထွက်သီးနှံ) စိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု ၁၃ အုပ်စုမှ ၁၀ ဧကအထက် တောင်သူများ စုစုပေါင်း ၂၅၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပြည်ထောင်စုနယ်မြေအတွင်းရှိ ကျေးရွာများ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် မိုးစပါးစိုက်ပျိုးထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်နှင့် ညွှန်ကြားရေးမှူးချုပ်များသည် ယနေ့ မွန်းလွဲပိုင်းက ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ် ဇောင်ချမ်းကုန်းကျေးရွာနှင့် လယ်ဝေးမြို့နယ် ကွေ့ကြီးကျေးရွာတို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများနှင့် သမဝါယမအသင်းသား တောင်သူများ၏ မိုးစပါး စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ဒေသခံပြည်သူများနှင့် တွေ့ဆုံ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် ငကံကောင်းကျေးရွာအုပ်စု ဇောင်ချမ်းကုန်းကျေးရွာသို့ရောက်ရှိပြီး ကျေးရွာ ယာယီရှင်းလင်းဆောင်၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ကျေးရွာ၏ ရေမြေသဘာဝအခြေအနေအရ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကို အခြေခံသည့် ကျေးရွာဖြစ်သည့်အတွက် ကျေးလက်နေတစ်မိသားစုချင်း၏ ဝင်ငွေတိုးပွားရေး၊ မိုးသီးနှံအပြီး ဆောင်းသီးနှံနှင့် နွေသီးနှံများ သီးထပ်သုံးသီး စိုက်ပျိုးနိုင်ရေး နိုင်ငံတော်အစိုးရ



က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့် ညီမျှသော မျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ လိုအပ်သည့် စိုက်ပျိုးနည်းစနစ်၊ စိုက်ပျိုးရေ ရရှိရေးတို့အတွက် မိမိတို့ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့က ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များကို အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပျဉ်းမနားမြို့နယ် ဇောင်ချမ်းကုန်း-ဝက်စုကျေးရွာချင်းဆက်လမ်း ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဇောင်ချမ်းကုန်းကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာထည့်ဝင်ငွေကျပ် ၅၈ သိန်းကျော်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ ဘက်စုံသုံးခန်းမ ဆောင်ရွက်နေမှု၊ ကျေးရွာနေပြည်သူများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်သမဝါယမအသင်းသားတောင်သူများ စိုက်ပျိုးထားသော မိုးစပါးများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် ကွေ့ကြီးကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေးပြီး လယ်ဝေးမြို့နယ် ညိုပင်-ကွေ့ကြီး ကျေးရွာချင်းဆက်လမ်းပေါ်ရှိ တံတားများ ပြုပြင်ခြင်းနှင့် တံတားချဉ်းကပ်လမ်းများ ပြင်ဆင်ထိန်းသိမ်းခြင်း ဆောင်ရွက်ပြီးစီးမှု၊ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင် ရေစင်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုသိမ်မြို့၌ စိုက်ပျိုး မွေးမြူရေးထုတ်လုပ်မှု တိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပုသိမ် စက်တင်ဘာ ၂၆**

ဧရာဝတီ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ စိုက်ပျိုးမွေးမြူရေး ထုတ်လုပ်မှု တိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က "စိုက်ပျိုး မွေးမြူရေးထုတ်လုပ်မှု တိုးတက် မြင့်မားရေးနှင့် ပတ်သက်၍ မြေပြင်ဆောင်ရွက်နေမှု အခြေအနေအများ၊ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ပြီးခဲ့သည့် တောင်သူလယ်သမားနေ့ အခမ်းအနားတွင် ဖော်ထုတ်ခဲ့သည့် ရလဒ်များအရ တစ်ဧက(၁၀) တင်းနှုန်း ပိုမိုတိုးတက်ထွက်ရှိရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြဆွေးနွေးကြရန်၊ မိုးစပါး တစ်ဧက ၁၀ တင်းနှုန်း ပိုမိုတိုးတက် ထွက်ရှိရေးအပြင် အဓိက သီးနှံအားလုံး ပါဝင်ပြီး ပန်းတိုင်အထွက်နှုန်း ရောက်ရှိစေရေး ဆောင်ရွက်ကြရန် အမှာစကားပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသူများ၏ အထွေထွေဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီး



ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းကုန်းမြို့နယ် ကွင်းကြီးကျေးရွာသို့သွားရောက်၍ တောင်သူ ဦးအေးလွင်၏ ဆင်းသုခအထွက်တိုး မျိုးစပါးပြောင်းလဲစိုက်ပျိုးထားသည့် လယ်မြေ ခြောက်ဧကတွင် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါး ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေးပြီး တောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါး တစ်ဧက ၁၀ တင်းတိုးတက်ထွက်ရှိစေရေး မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲမှု၊ စိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးမှု၊ သဘာဝမြေဩဇာ၊ ဇီဝမြေဩဇာများ အချိုးကျသုံးစွဲ၍ အချိန်ကိုက် ထည့်သွင်းအသုံးပြုမှုနှင့် လာမည့်မိုးစပါး စိုက်ပျိုးရာသီတွင် မြေဆီလွှာပြုပြင်ခြင်းအတွက် ပိုက်ဆံလျှော် (သစ်စိမ်းမြေဩဇာ)များ ရာနှုန်းပြည့် ထည့်သွင်းနိုင်ရေး ဆွေးနွေးပြောကြားကာ စပါးရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေးသည်။ အဆိုပါ တောင်သူ ဦးအေးလွင်၏ ဆင်းသုခ အထွက်တိုး မျိုးစပါးအား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ရာတွင် တစ်ဧက လျှင် ၁၁၈ ဒသမ ၉၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ ပြင်စည်အမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ရဲအုပ် ရဲဝင်းနိုင် ဦးဆောင်၍ တပ်ဖွဲ့ဝင်နှင့် မိသားစုများက စက်တင်ဘာ ၂၆ ရက်တွင် ပြင်စည်စံပြကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ဇော်ဝင်းအောင်

# ထန်းတပင်မြို့နယ်၌ ပြည်ပသို့မွေးမြူရေး ရေချိုပုစွန်များ တင်ပို့နိုင်ရေး တွေ့ဆုံဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၆**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ပြည်ပသို့မွေးမြူရေး ရေချိုပုစွန်များတင်ပို့နိုင်ရေးအတွက် ဒေသခံ ပုစွန်မွေးတောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက်နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ငါးလုပ်ငန်းဦးစီးဌာန ရုံးချုပ် (နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြမြဆင့်က မြို့နယ်အတွင်းရှိ ရေချိုပုစွန်မွေးမြူသော တောင်သူများအား မွေးမြူရေကန်များ GACC သို့တင်ပို့ရန်အတွက် မှတ်ပုံတင်ရန်လိုအပ်ချက်များ၊ မြန်မာနိုင်ငံရေထွက်ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ အစာထုတ်လုပ်သူ၊သားဖောက်ရုံ၊ အစာဖြန့်ဝေသူ၊ သားဖောက်ရုံမှမွေးကန်သို့ သယ်ယူသည့်လမ်းတစ်လျှောက် အထောက်အထားစာရွက်စာတမ်း၊ ဓာတုပစ္စည်းထောက်ပံ့သူများ၊ မွေးမြူရေးကန်များ GACC စနစ်ဖြင့် မွေးမြူရေးများအကြောင်း ဟောပြောဆွေးနွေးခဲ့ပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိမ့်သိမ့်က ပြုပြင်ထုတ်လုပ်မှု၊ ပြည်ပတင်ပို့သူများအကြောင်း ဟောပြောဆွေးနွေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်က ဖြည့်စွက်ဆွေးနွေးကာ တက်ရောက်လာသော မွေးမြူရေးတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံမွေးမြူရေး ရေချိုပုစွန်အသင်း ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းမြင့်က ပြည်ပသို့မွေးမြူရေးပုစွန်တင်ပို့မှုနှင့် ပြည်တွင်းရေချိုပုစွန်မွေးမြူနေမှုတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ယှဉ်ပြိုင်မှုဥပဒေအကြောင်း သိကောင်းစရာများ

**အေးအေးသိန်း - မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်**

**ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်တည်ဆောက်ရာတွင် အမျိုးသားစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လာသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံသားများ၏ စီးပွားရေးလုပ်ကိုင်ခွင့် အခွင့်အလမ်းများကို တန်းတူညီမျှရရှိစေရမည်ဖြစ်ပါသည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)၊ နိုင်ငံတော်အခြေခံမူများ အခန်း ပုဒ်မ ၃၆ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တွင် အောက်ပါအတိုင်း ထည့်သွင်းပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ပုဒ်မ ၃၆။ နိုင်ငံတော်သည် –

(က) အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်။

(ခ) စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်။

ကောင်းမွန်သော စီးပွားရေးစနစ်တစ်ရပ်ကို ဖော်ဆောင်ရာတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအကြား တရားမျှတသောယှဉ်ပြိုင်မှု ပတ်ဝန်းကျင်ကောင်းကို ဖန်တီးနိုင်ရန် အရေးကြီးပေသည်။ ယှဉ်ပြိုင်မှုကို ထိခိုက်စေသည့် ချိုးဖောက်မှုများကို တားဆီးနိုင်ရန် ဥပဒေတစ်ရပ် လိုအပ်လာလျှင် ယှဉ်ပြိုင်မှုဥပဒေကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉ ဖြင့် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ယှဉ်ပြိုင်မှုဥပဒေကို လိုက်နာကျင့်သုံးနိုင်ရန် အကျွမ်းတဝင်မရှိသေးမီ ပြုပြင်ပြောင်းလဲရေးကာလအဖြစ် နှစ်နှစ်အချိန်ယူခဲ့ပြီးနောက် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ယှဉ်ပြိုင်မှုဥပဒေ စတင်အာဏာသက်ရောက်ကြောင်း နိုင်ငံတော်သမ္မတက ၂-၁၂-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၉) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် - ၁၀၆ ဖြင့် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့ပြီး ယှဉ်ပြိုင်မှုဥပဒေပါ လုပ်ပိုင်ခွင့်များကို ကော်မရှင်သို့ အပ်နှင်းခဲ့ပါသည်။

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်သည် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအကြား ယှဉ်ပြိုင်မှု အခွင့်အလမ်းများနည်းပါးစေရန် သို့မဟုတ် အတားအဆီးဖြစ်စေရန်အတွက် ယှဉ်ပြိုင်မှုကို ဆန့်ကျင်ချိုးဖောက်သည့် အောက်ဖော်ပြပါအပြုအမူများကို မဖြစ်ပေါ်စေရန် ယှဉ်ပြိုင်မှုဥပဒေပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ထိန်းကျောင်းခြင်း၊ တားဆီးခြင်းအစီအမံများဖြင့် အကောင်အထည်ဖော်ရမည်ဖြစ်သည်–

(၁) ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များ ပြုလုပ်ခြင်း၊

(၂) ဈေးကွက်အတွင်း လွှမ်းမိုးထားနိုင်သည့် အခြေအနေကို အလွဲသုံးစားပြု၍ ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်ခြင်း၊

(၃) တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ သက်ဆိုင်ရာဈေးကွက်အတွင်း လက်ဝါးကြီးအုပ်ဆောင်ရွက်ခြင်း၊

(၄) စီးပွားရေးလုပ်ငန်းဆိုင်ရာကျင့်ဝတ်များကို ဆန့်ကျင်၍ ယှဉ်ပြိုင်မှုကို ထိခိုက်စေသော အပြုအမူများကို ဆောင်ရွက်ခြင်း။

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်သည် စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းမှုအခြေအနေအလိုက် ယှဉ်ပြိုင်မှုကို ထိခိုက်နိုင်ဖွယ်ရှိသော ဈေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာအရေအတွက်နှင့် လုပ်ငန်းနှင့်သက်ဆိုင်သည့် ပစ္စည်းပမာဏတို့ကို သတ်မှတ်ပေးခြင်းဖြင့် သက်ဆိုင်ရာနယ်ပယ်အလိုက် ယှဉ်ပြိုင်မှုထိခိုက်ခြင်းမရှိစေရန် ထိန်းညှိပေးရန် တာဝန်ရှိသည်။

၎င်းအပြင် ဈေးကွက်လက်ဝါးကြီးအုပ် ဆောင်ရွက်နိုင်ခြေရှိသော ဈေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာအရေအတွက်နှင့် လုပ်ငန်းနှင့်သက်ဆိုင်သည့် ပစ္စည်းပိုင်ဆိုင်မှုပမာဏတို့ကိုလည်း သတ်မှတ်ပေးရန် လိုအပ်သည်။

> **“ပမာဏသတ်မှတ်ချက်ထက်ကျော်လွန်သော စီးပွားရေးလုပ်ငန်း သို့မဟုတ် ကျော်လွန်နိုင်ခြေရှိသည့် စီးပွားရေးလုပ်ငန်းများကို လုပ်ငန်းပမာဏလျှော့ချရန်လည်းကောင်း၊ ဈေးကွက်လက်ဝါးကြီးအုပ် ချုပ်ကိုင်နိုင်ခြေရှိသည့် စီးပွားရေးလုပ်ငန်းများကို ဈေးကွက်ဝေစုနှင့် အရောင်းမြင့်တင်မှုများကို ထိန်းညှိနိုင်ရန် လိုအပ်သောကန့်သတ်မိန့်များ၊ တားမြစ်မိန့်များကို ထုတ်ပြန်ခြင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်မှုကို ဆန့်ကျင်ချိုးဖောက်သည့်အခြေအနေ မပေါ်ပေါက်စေရန် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်က ထိန်းကျောင်းပေးမည်”**

ပမာဏသတ်မှတ်ချက်ထက် ကျော်လွန်သော စီးပွားရေးလုပ်ငန်း သို့မဟုတ် ကျော်လွန်နိုင်ခြေရှိသည့် စီးပွားရေးလုပ်ငန်းများကို လုပ်ငန်းပမာဏလျှော့ချရန်လည်းကောင်း၊ ဈေးကွက်လက်ဝါးကြီးအုပ်ချုပ်ကိုင်နိုင်ခြေရှိသည့် စီးပွားရေးလုပ်ငန်းများကို ဈေးကွက်ဝေစုနှင့် အရောင်းမြင့်တင်မှုများကို ထိန်းညှိနိုင်ရန် လိုအပ်သောကန့်သတ်မိန့်များ၊ တားမြစ်မိန့်များကို ထုတ်ပြန်ခြင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်မှုကို ဆန့်ကျင်ချိုးဖောက်သည့်အခြေအနေ မပေါ်ပေါက်စေရန် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်က ထိန်းကျောင်းပေးမည်ဖြစ်သည်။

ယှဉ်ပြိုင်မှုကို ဆန့်ကျင်ချိုးဖောက်သည့် အပြုအမူများသည် လုပ်ငန်းနယ်ပယ်အလိုက် များစွာရှိသော်လည်း သိသာထင်ရှားသောချိုးဖောက်မှုများကို ဖော်ပြအပ်ပါသည် –

**ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များ ပြုလုပ်ခြင်းဆိုင်ရာအပြုအမူများ**

(၁) ဝယ်ယူသည့်ဈေးနှုန်းကိုဖြစ်စေ၊ ရောင်းချသည့်ဈေးနှုန်းကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ညှိနှိုင်းသတ်မှတ်ခြင်း၊

(၂) ဈေးကွက်အတွင်း အခြားယှဉ်ပြိုင်သူများ၏ အခွင့်အလမ်းများကို ထိခိုက်စေရန် သို့မဟုတ် ဈေးကွက်မှ ထွက်သွားစေရန် ရည်ရွယ်၍ ဈေးကွက်ကိုဖြစ်စေ၊ ထောက်ပံ့မှုအရင်းအမြစ်များကိုဖြစ်စေ၊ နည်းပညာကိုဖြစ်စေ ကန့်သတ်ထိန်းချုပ်သည့်သဘောတူညီချက်များ ပြုလုပ်ခြင်း၊

(၃) တင်ဒါ သို့မဟုတ် လေလံဆွဲရာတွင် အုပ်စုတစ်စုတစ်ဖွဲ့က တင်ဒါအဆိုပြုဈေးနှုန်း သို့မဟုတ် လေလံကြမ်းခင်းဈေးကို ညှိနှိုင်း၍ အုပ်စုဝင်တစ်ဦးဦးက အခွင့်အရေးရစေရန် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(၄) စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးဦး၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုဆိုင်ရာဈေးကွက်ကို လက်ဝါးကြီးအုပ်ရန်အလို့ငှာ စီးပွားရေးလုပ်ငန်းချင်းပေါင်းစပ်ခြင်း၊ လုပ်ငန်းရယူခြင်း၊ ဖယ်ရှားခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ ညှိနှိုင်းသဘောတူခြင်း။

**ဈေးကွက်လွှမ်းမိုးမှုကို အလွဲသုံးစားပြုခြင်းဆိုင်ရာ အပြုအမူများ**

(၁) ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမှု သို့မဟုတ် ဝန်ဆောင်မှုကို ချုပ်ကိုင်ခြင်း၊

(၂) ကုန်ပစ္စည်းဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုပြုသူကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ထားရှိခြင်း၊

(၃) ယှဉ်ပြိုင်ဘက်စီးပွားရေးလုပ်ငန်း၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို စားသုံးသူများက ရွေးချယ်မှုမပြုနိုင်ရန် ရည်ရွယ်၍ တားဆီးသည့်အစီအမံများ ချမှတ်ခြင်း၊

(၄) သက်ဆိုင်ရာဈေးကွက်သို့ ဝင်ရောက်ရန် အလားအလာရှိသည့် အခြားစီးပွားရေးလုပ်ကိုင်သူများကို တားဆီးခြင်း၊

(၅) ဖြန့်ဖြူးသူတို့အပေါ် တရားမျှတမှုမရှိသော စည်းကမ်းများသတ်မှတ်ခြင်းနှင့် ရောင်းဝယ်မှုဈေးနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သတ်မှတ်ပေးခြင်း၊

(၆) လုပ်ငန်းတစ်ရပ် သို့မဟုတ် လုပ်ငန်းအများအပြားထံ ကုန်ပစ္စည်းဖြန့်ဖြူးပေးရန် ငြင်းဆန်ခြင်း၊

(၇) တူညီသော အရောင်းအဝယ်ပြုမှုများတွင် ကွဲပြားခြားနားသော စည်းကမ်းချက်များ ကျင့်သုံးခြင်းဖြင့် ဈေးကွက်သို့ အသစ်ဝင်ရောက်လာသူများကိုဖြစ်စေ၊ လက်ရှိယှဉ်ပြိုင်လုပ်ကိုင်နေသူများကို ဖြစ်စေ လုပ်ငန်းတိုးချဲ့မှုပြုလုပ်ရန် အခွင့်အရေးများကို ဆုတ်ယုတ်စေခြင်း၊ ဈေးကွက်မှ ထွက်သွားစေသည်အထိ ထိခိုက်နစ်နာစေခြင်း၊

(၈) ယှဉ်ပြိုင်သူများ ဈေးကွက်အတွင်းမှ ထွက်သွားစေရန်အလို့ငှာ ထုတ်လုပ်မှုကုန်ကျစရိတ်အောက် လျော့နည်းသောဈေးနှုန်း သို့မဟုတ် ဆိပ်ကမ်းရောက်တန်ဖိုးအောက် လျော့နည်းသောဈေးနှုန်းဖြင့် ကုန်စည်များကို ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း။

**ဈေးကွက်လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်း အပြုအမူများ**

(၁) သက်ဆိုင်ရာဈေးကွက်အတွင်း အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ ဝင်ရောက်ဆောင်ရွက်ခြင်းမရှိစေရန် ပထုတ်ခြင်း သို့မဟုတ် ဟန့်တားခြင်း။

(၂) စီးပွားရေးလုပ်ငန်း ယှဉ်ပြိုင်ဘက်များ၏ စားသုံးသူဖောက်သည်များ သို့မဟုတ် ဝယ်ယူသုံးစွဲသူများကို ယင်းစီးပွားရေးယှဉ်ပြိုင်ဘက်နှင့် စီးပွားရေးအရ မပတ်သက်ရန် တားဆီးခြင်း၊

(၃) ကုန်ပစ္စည်းရောင်းချခြင်းနှင့် ဝန်ဆောင်မှုဆိုင်ရာအခွင့်အလမ်းများကို ကန့်သတ်ခြင်း၊

(၄) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများက မဖြစ်မနေဆောင်ရွက်စေရန် စည်းကမ်းချက်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သတ်မှတ်ခြင်း၊

(၅) ဈေးကွက်ပျက်ပြားစေရန် ဝန်ဆောင်မှု၊ ထုတ်လုပ်မှု၊ ဝယ်ယူမှု၊ ဖြန့်ဖြူးမှု၊ လွှဲပြောင်းပေးမှု၊ တင်သွင်းမှုတို့ကို သင့်လျော်သည့် အကြောင်းပြချက်မရှိဘဲ ဆိုင်းငံ့ထားခြင်း၊ လျှော့ချခြင်း၊ ကန့်သတ်ခြင်း၊

(၆) ဈေးကွက်ဝယ်လိုအားအောက် လျော့နည်းစေရန် အရေအတွက်လျှော့ချရန်အလို့ငှာ ကုန်စည်များကို ဖျက်ဆီးခြင်း၊ ပျက်စီးစေရန် ပြုလုပ်ခြင်း၊

(၇) ကုန်စည်နှင့်ဝန်ဆောင်မှုများကို ရောင်းဝယ်ဖောက်ကားမှုပြုရာတွင် နယ်မြေဒေသ ထိန်းချုပ်ကန့်သတ်မှုပြုခြင်း။

**တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှုဆိုင်ရာ အပြုအမူများ**

(၁) စားသုံးသူများကို ထင်ယောင်ထင်မှားဖြစ်စေရန် အမှတ်အသားများကို လှည့်စားခြင်း၊

(၂) စီးပွားရေးလုပ်ငန်း၏ လျှို့ဝှက်ချက်ကို ပေါက်ကြားစေခြင်း၊

(၃) စီးပွားရေးလုပ်ငန်းတွင် အကျပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊

(၄) အခြားစီးပွားရေးလုပ်ငန်း၏ နာမည်ဂုဏ်သတင်းကို ပျက်ပြားစေခြင်း၊

(၅) အခြားစီးပွားရေးလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်မှုကို နှောင့်ယှက်ခြင်း၊

(၆) တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှုအလို့ငှာ ကြော်ငြာခြင်း သို့မဟုတ် အရောင်းမြှင့်တင်ခြင်း၊

(၇) အခြားစီးပွားရေးလုပ်ငန်းများနှင့် သဘောတူစာချုပ်ချုပ်ဆိုထားသူအား စာချုပ်ဖောက်ဖျက်ရန် ဆွဲဆောင်ခြင်း၊ လှုံ့ဆော်ခြင်း။

ယှဉ်ပြိုင်မှုကို ဆန့်ကျင်ချိုးဖောက်မှုများတွင် ကျူးလွန်သော ပြစ်မှုအမျိုးအစားပေါ်မူတည်၍ စီမံခန့်ခွဲရေးနည်းလမ်းဖြင့်သော်လည်းကောင်း၊ တရားစီရင်ရေးနည်းလမ်းဖြင့် သော်လည်းကောင်း မည်သည့်နည်းလမ်းဖြင့် အရေးယူသင့်ကြောင်းကို မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်က အဆုံးအဖြတ်ပြု၍ ဆက်လက်အရေးယူဆောင်ရွက်ပါသည်။

ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များပြုလုပ်ခြင်း၊ ဈေးကွက်လွှမ်းမိုးမှုကို အလွဲသုံးစားပြုခြင်းနှင့် ဈေးကွက်လက်ဝါးကြီးအုပ်ဆောင်ရွက်ခြင်း အပြုအမူများသည် ယှဉ်ပြိုင်မှုနယ်ပယ်တွင် ဆိုးရွားသောယှဉ်ပြိုင်မှု ဆန့်ကျင်ချိုးဖောက်မှုများ ဖြစ်ပါသည်။

သို့ဖြစ်ရာ ယှဉ်ပြိုင်မှုဥပဒေပါ ပြစ်မှုများကို သတိမူပြီး ချိုးဖောက်ခြင်းမပြုမိကြစေရန် ရည်သန်၍ ဗဟုသုတအလို့ငှာ ဤဆောင်းပါးဖြင့် မျှဝေအသိပေးတင်ပြလိုက်ရပါသည်။ ။

❐

# SIM Card များကို စနစ်တကျ မှတ်ပုံတင်ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျပြန်လည်မှတ်ပုံတင်ခြင်း အမိန့်ကြော်ငြာစာထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

အမိန့်ကြော်ငြာစာအမှတ်(၁၈ /၂၀၂၃)

၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

**SIM Card များကို စနစ်တကျ မှတ်ပုံတင်ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျပြန်လည်မှတ်ပုံတင်ခြင်း**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများကို မှန်ကန်စွာ အသုံးပြုလျက်ရှိသည့် သုံးစွဲသူများကို အကာအကွယ်ပေးနိုင်ရန် မိုဘိုင်းဆက်သွယ်ရေးစနစ်ကို အခြေခံသည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ e-commerce လုပ်ငန်းများနှင့်စပ်လျဉ်း၍ သုံးစွဲသူများကို လိမ်လည်မှုများမှ ကာကွယ်ပေးနိုင်ရန်နှင့် ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ရာတွင် အထောက်အကူပေးနိုင်ရန်တို့အတွက် ရည်ရွယ်ပြီး မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများမှ SIM Card ရောင်းချရာတွင် လိုက်နာရမည့် အမိန့်နှင့် ညွှန်ကြားချက်များအား ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် ယခုအခါ မိုဘိုင်း SIM Card များအား ညွှန်ကြားချက်နှင့်အညီ မှတ်ပုံတင်ခြင်းမပြုဘဲ SIM Card အရောင်းဆိုင်များ၊ မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၏ Points of Sales (POS)များ၊ မိုဘိုင်း Hand Set အရောင်းဆိုင်များအပြင် ဈေးများနှင့်လမ်းဘေးဆိုင်များတွင် လည်းကောင်း၊ Online တွင်လည်းကောင်း ဆက်လက်၍ ရောင်းချလျက်ရှိသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ ထိုသို့ SIM Card များအား စနစ်တကျမှတ်ပုံတင်ခြင်းမပြုဘဲ ဝယ်ယူသုံးစွဲနိုင်ခြင်းကြောင့် ဝယ်ယူအသုံးပြုမည့် အများပြည်သူများအနေဖြင့် အဆိုပါ SIM Card နှင့် ချိတ်ဆက်အသုံးပြုလျက်ရှိသည့် ငွေကြေးဝန်ဆောင်မှုများသာမက အခြားသော Online ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ လိမ်လည်မှုခံရနိုင်သည့်အပြင် ရာဇဝတ်မှုများကို နှိမ်နင်းနိုင်ရန်အတွက် ဥပဒေနှင့်အညီ စုံစမ်းမှုများပြုလုပ်ရာတွင်လည်း အခက်အခဲများ ရှိလာပါသည်။ ထို့အပြင် မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို အသုံးပြုပြီး ဆက်သွယ်ရေးကွန်ရက်ပေါ်မှ ရာဇဝတ်မှုများ၊ အကြမ်းဖက်လုပ်ဆောင်မှုများနှင့် ခြိမ်းခြောက်အန္တရာယ်ပြုမှုများ ပိုမိုပြုလုပ်လာကြသည့်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုကို ထိခိုက်လာပါသည်။ ထို့ကြောင့် SIM Card များကို စနစ်တကျမှတ်ပုံတင်၍ ရောင်းချခြင်းနှင့်စပ်လျဉ်း၍မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၊ ၎င်းတို့နှင့်တရားဝင်စာချုပ် ချုပ်ဆိုထားသည့် အရောင်းကိုယ်စားလှယ်များနှင့် အရောင်းဆိုင်များသာမက အများပြည်သူများအပါအဝင် မည်သူမဆို သိရှိလိုက်နာရန် လိုအပ်လာပါသည်။

၃။ သို့ဖြစ်ပါ၍ မိုဘိုင်း SIM Card များ ရောင်းချခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၏ အရောင်းဆိုင်များ၊ မိုဘိုင်းဆက်သွယ်ရေး အော်ပရေတာများနှင့် တရားဝင်စာချုပ်ချုပ်ဆိုထားသည့် အရောင်းကိုယ်စားလှယ်များနှင့် အရောင်းဆိုင်(Points Of Sales)များသည် Customer Registration ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ပြီးမှသာ ရောင်းချရမည်။ ထိုသို့ ရောင်းချမှုတွင် အသစ်ထုတ်ဝေရောင်းချမည့် SIM Card ဖြစ်စေ၊ လက်ရှိဖြန့်ဝေထားသည့် SIM Card ဖြစ်စေ အကျုံးဝင်စေရမည်။

(ခ) မည်သူမဆို မှတ်ပုံတင်ထားခြင်းမရှိသည့် သို့မဟုတ် လိမ်လည်၍ မှတ်ပုံတင်ထားသည့် သို့မဟုတ် Customer Registration ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို ရောင်းချခြင်း မပြုရ။

၄။ မည်သူမဆို Customer Registration ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ထားသည့် SIM Card ကို တစ်ဆင့်လွှဲပြောင်းရာတွင် ရယူအသုံးပြုသူ၏ အချက်အလက်အမှန်ဖြင့် Customer Registration ညွှန်ကြားချက်များနှင့်အညီ ပြန်လည်မှတ်ပုံတင်ရမည်။

၅။ မည်သူမဆို အပိုဒ် ၃ နှင့် အပိုဒ် ၄ ပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိရပါက ဆက်သွယ်ရေးဥပဒေပုဒ်မ ၇၂ အရ အရေးယူခြင်းခံရမည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂၆**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီဘူးလော့ချ်နိကော့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စ၊ ကုန်းတွင်းနှင့်ကမ်းလွန် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးဆိုင်ရာ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရေးကိစ္စ၊ စက်သုံးဆီ တင်သွင်းဖြန့်ဖြူးခြင်းကဏ္ဍတွင် ရုရှားကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ကျောက်မီးသွေးမှ ဓာတ်မြေဩဇာထုတ်လုပ်နိုင်ရေး အတွက် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီရေးကိစ္စရပ်များ၊ (၆)ကြိမ်မြောက် ရုရှားစွမ်းအင်ဖိုရမ်သို့ တက်ရောက်စဉ် ဆောင်ရွက်မည့် အစီအစဉ်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်းများ၊ Seimic လုပ်ငန်းများ၊ ရေနံချက်လုပ်ခြင်းလုပ်ငန်းများတွင် ရုရှားကုမ္ပဏီများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်၊ အမြဲတမ်းအတွင်းဝန်၊ ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဝူရှူးပြိုင်ပွဲ ကြည့်ရှုအားပေး





**နေပြည်တော် စက်တင်ဘာ ၂၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲများကို မြို့အသီးသီးရှိ အားကစားကွင်း/အားကစားရုံများ၌ ဆက်လက်ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် အုပ်ချုပ်မှုအဖွဲ့ တာဝန်ရှိသူများသည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဟန်ကျိုးမြို့ရှိ Xiaoshan Guali Sports Center အားကစားရုံ၌ ကျင်းပသည့် ဝူရှူးအားကစားနည်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မအေးသစ္စာမြင့်က နန်းချွမ်(ခေါ်)တောင်ပိုင်း လက်သိုင်းပြိုင်ပွဲနှင့် နန်းသောင်း(ခေါ်)တောင်ပိုင်းဓားသိုင်းပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

လင်အန်းမြို့ရှိ Lin’an Sports Culture & Exhibition အားကစားရုံ၌ ကျင်းပသည့် တိုက်ကွမ်ဒိုအားကစားနည်း(အတိုက်)ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်တွင် မြန်မာနိုင်ငံမှ မမိုးမြင့်မြတ်က (-53 kg)တန်းတွင် ထိုင်းနိုင်ငံကို ပထမအချီတွင် (၀:၁၂)မှတ်ဖြင့် လည်းကောင်း၊ ဒုတိယအချီတွင် (၂:၁၃)မှတ်ဖြင့် လည်းကောင်း ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၇ ရက်တွင် မြန်မာနိုင်ငံမှ မစန္ဒီဦးက ဝူရှူးအားကစားနည်း ကျန့်စု(ခေါ်) နှစ်ဖက်သွားဓားနှင့် ချန်းစု(ခေါ်) လှံရှည်ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရသေ့တောင်မြို့၌ မြစိမ်းရောင်(ငါးကဏ္ဍ)ရန်ပုံငွေဖြင့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ရသေ့တောင် စက်တင်ဘာ ၂၆**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ဆားပြင်ကြီးကျေးရွာ၌ မြစိမ်းရောင်ငါးကဏ္ဍအတိုးရငွေနှင့် ကျေးရွာနေပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၈ ရက်က ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဆားပြင်ကြီးကျေးရွာအတွင်းရှိ လမ်းအား ကျေးရွာကုန်ထုတ်လုပ်ငန်းများ အဆင်ပြေစေရန်အတွက် အလျား ပေ ၃၀၀၊ အနံ ၁၂ ပေ၊ အမြင့် ၆လက်မရှိ ကျောက်ချောလမ်းခင်းရန် မြစိမ်းရောင်(ငါးကဏ္ဍ) အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်း ငွေကျပ် ၆၅ သိန်းဖြင့် ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်) က ခွင့်ပြုပေးပြီး ဒေသနေပြည်သူများက ငွေကျပ် ငါးသိန်း ထည့်ဝင်လှူဒါန်းသည့်အတွက် စုစုပေါင်း ငွေကျပ် သိန်း ၇၀ ဖြင့် အဆိုပါလမ်းကို ၂၀၂၃ ခုနှစ် ဧပြီ ၂၄ ရက်က စတင်ဆောင်ရွက်ခဲ့သည်။ အဆိုပါ ကျောက်ချောလမ်းအား ကျေးရွာနေပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ခဲ့ရာ စုစုပေါင်းကုန်ကျငွေကျပ် ၄၂ သိန်းဖြင့် ဆောင်ရွက်ပြီးစီးသဖြင့် ပိုလျှံသည့် ငွေကျပ် ၂၈ သိန်းကို အလျား ပေ ၂၁၀၊ အနံ ၁၂ ပေ၊ အမြင့် ၆ လက်မရှိ ကျောက်ချောလမ်းအား ဆက်လက်ခင်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး)တို့ကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၂၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)တွင် ကမ္ဘာ့ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ပါမောက္ခချုပ်(အောက်စဖို့ဒ်ဆရာတော်) ဒေါက်တာအရှင်ဓမ္မသာမိအား ပင့်ဖိတ်၍ ကရုဏာတရား အထူးတရားပွဲ ကျင်းပသည့် အခမ်းအနားသို့ တက်ရောက်၍ ဆရာတော်အား နဝကမ္မအလှူတော်ငွေများ၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းသည်။

**ဝန်ထမ်းများနှင့်တွေ့ဆုံ**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ရှိ မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ စက်မှုလုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ ဆက်စပ်ဝန်ကြီးဌာနများနှင့်လည်း ပိုမိုပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင်စိတ်စေတနာကောင်းများ ထားရှိ၍ အဂတိတရားကင်းကင်းဖြင့် ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ အနေဖြင့် လုပ်ငန်းတာဝန်များကို ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး)သို့ ရောက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထောက်အပံ့ဖြင့် သင်တန်းကျောင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် သင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ သင်တန်းကျောင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်၊ သင်တန်းကျောင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စီမံကိန်းစီမံခန့်ခွဲမှုစနစ်၊ စီမံကိန်းဆောင်ရွက်ရမည့် နယ်ပယ်၊ ကုန်ကျစရိတ်နှင့် ပြီးစီးရမည့်ကာလတို့ကို သတ်မှတ်ချက်များနှင့် ပြည့်မီအောင်ဆောင်ရွက်ရန်၊ သင်တန်းကျောင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများပြီးစီး၍ လွှဲပြောင်းလက်ခံခြင်းမပြုမီ စစ်ဆေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး လယ်ဝေးမြို့နယ် ရှမ်းစုကျေးရွာတွင် ကမ်းပါးပြို၍ ရွှေ့ပြောင်းသည့် ပြည်သူများကို ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၆**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် ရှမ်းစုကျေးရွာအုပ်စု ရှမ်းစုကျေးရွာ၌ စက်တင်ဘာ ၂၀ ရက် နံနက် ၂ နာရီခွဲတွင် ပလွေးချောင်းရေ တိုက်စားမှုကြောင့် ကမ်းပါးပြိုကာ နေအိမ်လေးလုံး ရွှေ့ပြောင်းခဲ့ရမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပလွေးချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပြိုမှုတွင် ယာယီမြေထိန်းနံရံ ဆောင်ရွက်ရန်အတွက် နေပြည်တော်ကောင်စီက ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် ရွှေ့ပြောင်းခဲ့ရသည့် နေအိမ်လေးလုံးအတွက် တစ်အိမ်လျှင် ဆန် ၂၄ ပြည်အိတ် တစ်အိတ်၊ ဆီ ငါးပိဿာ တစ်ပုံးနှင့် ခေါက်ဆွဲခြောက်ထုပ် တစ်ဖာနှုန်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး ယာယီမြေထိန်းနံရံဆောင်ရွက်မည့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ပလွေးချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကာ ရွှေ့ပြောင်းခဲ့သည့် နေအိမ်လေးလုံးကို စက်တင်ဘာ ၂၂ ရက်က နေပြည်တော်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနက ထောက်ပံ့သည့် တစ်အိမ်လျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ်လေးသိန်း၊ လူ ၁၉ ဦးအတွက် တစ်ဦးလျှင်ဆန်ရိက္ခာဖိုး ငွေကျပ် ၂၁၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၉၉၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်းပုံး တစ်ပုံးနှုန်းဖြင့် ကယ်ဆယ်ရေးပစ္စည်း လေးပုံးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုနယ်မြေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၂၃)ကို နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုနယ်မြေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ထူးက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဆိုင်ရာ ဆွေးနွေးဆုံးဖြတ်ရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုနယ်မြေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်အောင်၌ သဘာဝရေပြင်အတွင်းသို့ ငါးမြစ်ချင်းငါးသားပေါက် ကောင်ရေတစ်သိန်း ငါးမျိုးစိုက်ထည့်

**မြန်အောင် စက်တင်ဘာ ၂၆**

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက သဘာဝရေပြင် (ဧရာဝတီမြစ်) အတွင်းသို့ နှစ်လက်မအောက်ခံ ငါးမြစ်ချင်းသားပေါက် ကောင်ရေ တစ်သိန်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြန်အောင်မြို့ ပြည်တော်အေး ဘုရားအနီး ဧရာဝတီသဘော်ဆိပ်၌ ကျင်းပသည်။




အဆိုပါ အခမ်းအနားသို့ မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး အောင်စိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမင်းထွန်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးမင်းမင်းစိုး၊ ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်အေးမြင့်ဦးနှင့် ဝန်ထမ်းများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဟသ်ာတခရိုင် ငါးလုပ်ငန်းစခန်း တာဝန်ခံနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ တက်ရောက်၍ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။ **ဝင်းဗိုလ်(မြန်အောင်)**

# လွိုင်လင်မြို့နယ် ဟိုခိုက်ကျေးရွာကော်မတီသို့ ဒေသန္ဓားများ ပေးအပ်

**လွိုင်လင် စက်တင်ဘာ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမြို့နယ် ဦးစီးဌာနရုံးက လွိုင်လင်မြို့နယ် ဟိုခိုက်ကျေးရွာ ကော်မတီထံသို့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဖြန့်ဖြူးသည့် ဒေသန္ဓား (နွားပြာစိမ်း) အမ ၁၀ ကောင် လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါကျေးရွာ ယာယီနေရာတွင် ပြုလုပ်သည်။

**ရှင်းလင်းပြောကြား**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းထွဋ်က အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာ အောင်ဆန်းဝင်းက ဒေသန္ဓားများ ပေးအပ်ရခြင်းနှင့် မွေးမြူရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ဟိုခိုက်ကျေးရွာမှ အိမ်ထောင်စု ၁၀ စုအတွက် တစ်စုလျှင် ဒေသန္ဓား(နွားပြာစိမ်း) နွားမ တစ်ကောင်နှုန်းဖြင့် အိမ်ထောင်စု ၁၀ စုအတွက် နွားမ ၁၀ ကောင်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



**ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း လူမှုကာကွယ်စောင့်ရှောက်ရေးထောက်ပံ့ငွေများ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့သည် ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ လောကာနန္ဒာဘုရားအတွင်းရှိ သာသနဗိမာန်၌ ကျင်းပသော ရခိုင်ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးငယ်များ၊ သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းဆောင်ရွက်ချက်များသည် လူမှုရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး လူသားစွမ်းအားစုများကို ပြုစုပျိုးထောင်ပေးနေခြင်း ဖြစ်သည့်အတွက် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်သူလူထုအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် ၂ နှစ်အောက် ကလေးသူငယ်များ ထောက်ပံ့ရေး အစီအစဉ်အရ အကျိုးခံစားခွင့်ရှိသူ ၆၈၃၂၈ ဦးအတွက် ထောက်ပံ့ကြေးငွေကျပ် ၂၈၉၇ ဒသမ ၅၂ သန်းနှင့် အသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွား ၁၄၂၈၉ ဦးအတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ် ၄၂၈ ဒသမ ၆၇ သန်းကို ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းထံသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တည်ထောင်ခွင့်ပြုမိန့်ရစေတနာ့ဝန်ထမ်းအဖွဲ့အစည်း သုံးဖွဲ့သို့ ထောက်ပံ့ငွေကျပ် ၄၆ ဒသမ ၈၁၅ သန်းကို မေတ္တာဥယျာဉ် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ ထောက်ပံ့ပေးအပ်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် သက်ကြီးဘိုးဘွားများ၊ ကိုယ်ဝန်ဆောင် မိခင်များနှင့် အသက် ၂ နှစ်အောက် ကလေးငယ်များကို ထောက်ပံ့ငွေများ လက်ရောက်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် စစ်တွေတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် (၂၄)ကြိမ်မြောက် ရခိုင်ပြည်နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ (၂၄)ကြိမ်မြောက်ပြည်နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ရခိုင်မင်္ဂလာစည်တော်တီးခတ်၍ ပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ကပြဖျော်ဖြေကာ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက အမှာစကားပြောကြားပြီး ပြည်နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြိုင်ပွဲဝင်များက "ရွှေဆုယူမည် ရခိုင်ပြည်" တေးသီချင်း၊ "ကိုယ့်ရပ်ဌာနေ" သီချင်းဖြင့်လည်းကောင်း၊ မြို့တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကအဖွဲ့က "ညီအစ်ကိုနောင်ရင်း" ယိမ်းအကဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီးက ကပြသီဆိုဖျော်ဖြေကြသူများကို ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေတက္ကသိုလ် အားကစားခန်းမ၌ ကျင်းပသည့် ပြည်နယ် ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြိုင်ပွဲယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ် ဘိုးဘွားရိပ်သာ (စစ်တွေမြို့) သို့သွားရောက်၍ သက်ကြီးဘိုးဘွားများကို ရင်းရင်းနှီးနှီး တွေ့ဆုံဂါရဝပြုပြီး အလှူငွေများနှင့် အင်အားဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိ ဥသျှလင်း ဘုန်းတော်ကြီးကျောင်း ယာယီနေရပ်စွန့်ခွာစုရပ်ရှိ အမျိုးသမီးများအား ရပ်ရွာအခြေပြု အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်လှစ်ပို့ချနေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ စုရပ်နေသူများအား ခေါက်ဆွဲခြောက်နှင့် ဆပ်ပြာတောင့်များ ထောက်ပံ့ပေးအပ်ပြီး ဥသျှလင်းကျောင်းတိုက် ဆရာတော်ထံသို့ လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဘောဒ္ဒပ IDP စခန်းနှင့် သက္ကယ်ပြင် IDP စခန်းများသို့ သွားရောက်ပြီး စခန်းနေသူများနှင့်တွေ့ဆုံကာ ၎င်းတို့၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် ၂ နှစ်အောက် ကလေးသူငယ်များအတွက် ထောက်ပံ့ငွေများ၊ စခန်းနေသူများအတွက် ခေါက်ဆွဲခြောက်နှင့် ဆပ်ပြာတောင့်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းတွင် MV Charity သင်္ဘောပေါ်မှ ကူညီထောက်ပံ့ရေးပစ္စည်းများ ဆိပ်ကမ်းသို့ ချနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အကြိမ် (၃၀)မြောက် နိုင်ငံတကာအဆင့် မြန်မာ့တပ်မတော်ဆေးပညာနှီးနှောဖလှယ်ပွဲအကြို အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၆**

အကြိမ်(၃၀)မြောက်မြန်မာ့တပ်မတော်ဆေးပညာနှီးနှောဖလှယ်ပွဲအကြို အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးတက္ကသိုလ် သက်မဲ့ခန္ဓာအသုံးပြု ခွဲစိတ်လေ့ကျင့်ရေးခန်းမဆောင်၌ ကျင်းပသည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ခင်အောင်ထွန်း၊ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) တပ်မှူး ဗိုလ်မှူးချုပ် ကျော်ဇင်ညွန့်၊ တပ်မတော်ဆေးသုတေသနတပ်မှ တပ်မှူး ဗိုလ်မှူးချုပ် ကြီးမြင့်၊ တပ်မတော်အရိုးရောဂါ အငြိမ်းစားပါမောက္ခ တပ်မှူးကြီးများ၊ ဖိတ်ကြားထားသောတပ်မှူးကြီးများ၊ ဆေးတက္ကသိုလ်(၁)မှ ပါမောက္ခ ဒေါက်တာ အောင်သိန်းဌေးနှင့် အရိုးရောဂါပညာဘွဲ့လွန်ကျောင်းသား ခုနစ်ဦး၊ ဆေးတက္ကသိုလ်( ၂ )မှ ပါမောက္ခ ဒေါက်တာမျိုးမင်းဦးနှင့် ဘွဲ့လွန်ကျောင်းသား ခြောက်ဦး၊ ဆေးတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခ ဒေါက်တာစည်သူနှင့် ဘွဲ့လွန်ကျောင်းသား ငါးဦး၊ ဆေးတက္ကသိုလ်(မကွေး)မှ ပါမောက္ခ ဒေါက်တာအောင်နိုင်နှင့် ဘွဲ့လွန်ကျောင်းသား နှစ်ဦး၊ အလုပ်ရုံဆွေးနွေးပွဲကို ဦးဆောင်စုစည်းကျင်းပသူ တပ်မတော်ဆေးတက္ကသိုလ် အရိုးရောဂါပညာဌာနမှ ဌာနမှူး/ ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး ဟိန်းလတ်ဝင်းနှင့် ဘွဲ့လွန်ကျောင်းသား ၄၄ ဦး၊ ဆေးလက်တွေ့ပါရဂူ ကျောင်းသားများ၊ တပ်မတော်အရိုးရောဂါနယ်ပယ်မှ ပါရဂူကြီးများနှင့် မြန်မာနိုင်ငံတစ်ဝန်းမှ တပ်မတော်သားအရိုးအထူးကုဆရာဝန်များ၊ ပန်းလှိုင်အပြည်ပြည်ဆိုင်ရာ ဆေးရုံမှ အတိုင်ပင်ခံ အရိုးအထူးကုဆရာဝန်ကြီး တစ်ဦး၊ အိန္ဒိယနိုင်ငံမှ ထင်ရှားကျော်ကြားသော လက်ပိုင်းဆိုင်ရာ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာမိုဟစ်ရှာမားနှင့် အခြားဖိတ်ကြားထားသော တပ်မတော်မှ ပါရဂူကြီးများ စုစုပေါင်း ၁၅၀ ကျော်ခန့် တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် စာပေရေးရာဆပ်ကော်မတီဥက္ကဋ္ဌ ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ခင်အောင်ထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အရိုးရောဂါပညာဌာနမှ နာယကပါမောက္ခ ဗိုလ်မှူးချုပ်ထွန်းထွန်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာ ကဏ္ဍများနှင့်စပ်လျဉ်း၍ ပါမောက္ခ/ဌာနမှူး ဒုတိယဗိုလ်မှူးကြီး ဟိန်းလတ်ဝင်းက ယနေ့အလုပ်ရုံဆွေးနွေးပွဲသည် ဆေးပညာနှီးနှောဖလှယ်ပွဲ စာပေရေးရာဆပ်ကော်မတီ၏ခွင့်ပြုချက်ဖြင့် အဆင့်ဆင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အရိုးရောဂါပညာဌာန၏ နိုင်ငံတကာအဆင့် ဒုတိယအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲဖြစ်၍ ယခုလိုကျင်းပနိုင်မှုသည် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဖြစ်ကြောင်း၊ နှစ်ရက်ကြာပြုလုပ်မည့် အလုပ်ရုံဆွေးနွေးပွဲတွင် သက်မဲ့ဆရာ(Silent Mentor) များအသုံးပြု၍ သင်ကြားနိုင်ရန် ပါမောက္ခချုပ်နှင့် စာပေရေးရာကော်မတီအဖွဲ့ဝင်များက အထူးကြိုးစားဆောင်ရွက်ခဲ့ကြောင်း၊ Workshop တွင် အသုံးပြုမည့် Surgical Gloves, Blades, Sutures နှင့် Instruments များကိုလည်း ကြိုတင်စုဆောင်းပြီး Course Curriculum ကိုလည်း နိုင်ငံတကာအဆင့်နှင့်အညီ Update ဖြစ်စေရေးအတွက် ပါမောက္ခ/ဌာနမှူးများ၊ လက်ပိုင်းဆိုင်ရာ ခွဲစိတ်အထူးကုဆရာဝန်များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ Combat Medical Care တွင် အဓိကလိုအပ်နေသော Flap Surgery in Combat Medical Care ကို အရိုးရောဂါဆရာဝန်များ ကျွမ်းကျင်စွာ တတ်မြောက်ခြင်းဖြင့် တပ်မတော်သားတို့၏ စစ်မြေပြင်ဆေးအကာအကွယ် လုပ်ငန်းကို အထောက်အကူရရှိစေမည့်အပြင် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၏ ဆေးပညာအဆင့်အတန်းသည်လည်း မြင့်မားလာစေရန်ရည်ရွယ်၍ နိုင်ငံတကာမှ ဆေးပညာရှင်များကို ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ဆေးတက္ကသိုလ်အသီးသီးမှ အရိုးရောဂါပညာဌာန၊ ပါမောက္ခ/ ဌာနမှူးများဦးဆောင်မှုဖြင့် ဆေးတက္ကသိုလ်အသီးသီးမှ သင်တန်းသား သင်တန်းသူများကိုလည်း အရိုးရောဂါပညာဌာနကိုယ်စား ကျေးဇူးတင်ရှိကြောင်းနှင့် နိုင်ငံတကာအဆင့် အလုပ်ရုံဆွေးနွေးပွဲကြီးဖြစ်မြောက်ရန် ကူညီအားဖြည့်ပေးခဲ့ကြသည့် လုပ်ဖော်ကိုင်ဖက်အားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် စာပေရေးရာဆပ်ကော်မတီဥက္ကဋ္ဌ ပါမောက္ခချုပ် ဗိုလ်မှူးချုပ် ခင်အောင်ထွန်းက ပါမောက္ခ/ဌာနမှူးများကိုယ်စား ပါမောက္ခ/ဌာနမှူး ဦးအောင်သိန်းဌေးအား အမှတ်တရဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

အကြိမ်(၃၀) မြောက် မြန်မာတပ်မတော်ဆေးပညာနှီးနှောဖလှယ်ပွဲကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃ ရက်မှ ၅ ရက်အထိ ပြင်ဦးလွင်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)တွင် ကျင်းပသွားမည်ဖြစ်ပြီး အကြိမ် (၃၀)မြောက် Pre-Conference တွင် ပြည်တွင်း ပြည်ပမှ အတွေ့အကြုံရင့်ကျက်သည့် ပါမောက္ခပညာရှင်ကြီးများက တက်ရောက်လာကြသူများအားလုံးကို ပြုပြင်အစားထိုးခွဲစိတ်ကုသမှု နည်းစနစ်များနှင့် အယူအဆအတွေးအခေါ်ပိုင်းကို အခြေခံ၍ လက်တွေ့လုပ်ကိုင်နိုင်သည်အထိ သက်မဲ့ဆရာ(Silent Mentor)များကို အသုံးပြု၍ လက်တွေ့သရုပ်ပြသင်ကြားဆွေးနွေးခြင်းကို Online မှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းရှိအရိုးဆရာဝန်များအား Webinar တွင် တိုက်ရိုက်ထုတ်လွှင့်၍ သင်ကြားမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ခြင်းအားဖြင့် မြန်မာ့တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ အရိုးပါရဂူငယ်များ၊ ဘွဲ့လွန်ကျောင်းသားများနှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များမှ ဘွဲ့လွန် ကျောင်းသား ကျောင်းသူများအနေဖြင့် စစ်ဘက်၊ နယ်ဘက်မှ ပါမောက္ခဆရာဝန်ကြီးများ၊ ပြည်ပမှ ပညာရှင်ကြီးများနှင့် တိုက်ရိုက်ထိတွေ့ဆွေးနွေးသင်ကြားနိုင်မည့်အပြင် သက်မဲ့ဆရာ(Silent Mentor) ကိုအသုံးပြု၍ လက်တွေ့လေ့ကျင့်နိုင်ခဲ့ခြင်းကြောင့် အရိုးရောဂါပညာ အစားထိုးခွဲစိတ်ကုသမှုနယ်ပယ်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ကုသသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုဆောင်းပါး

# ကြီးသူကိုပြုစုစောင့်ရှောက်သည့် မြတ်နိုးဖွယ်ဓလေ့

ညွန့်ဝင်း (နတ်တလင်း)



မြန်မာတို့သည် ယဉ်ကျေးသိမ်မွေ့သော ဓလေ့ကို တန်ဖိုးထားသောလူမျိုးဖြစ်သည်။ လူလူချင်း ဆက်ဆံရာတွင် ဂါရဝတရားဖြင့် ပြုမူဆက်ဆံကြသည်။ ထိုသို့ ဆက်ဆံကြရာ၌ မြန်မာ့ယဉ်ကျေးမှုဓလေ့အရ "ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနား" ဟူသည့် အဆုံးအမအတိုင်း လိုက်နာကျင့်သုံးကြသည်။ မိမိထက် တစ်နေ့၊ တစ်ရက်၊ တစ်မနက် ကြီးသူများကို ရိုရိုသေသေ ဆက်ဆံကြသည့်အပြင် အလေးအမြတ်ထား၍ ပူဇော်ကန်တော့ကြသည်။ အကယ်စင်စစ် သက်ကြီးရွယ်အိုများသည် လူ့လောကတွင် အနေကြာခဲ့သူများဖြစ်၍ အသက်ကြီးတော့ တစ်နည်းသာ ဆိုသကဲ့သို့ အတွေ့အကြုံဗဟုသုတများ စုံလင်ရင့်ကျက်သူများဖြစ်ကြသည်။ ထို့ကြောင့် သက်ရင့်ကျောက်များကို အဖိုးတန်ရတနာများအဖြစ် တန်ဖိုးထားသကဲ့သို့ အသက်ကြီးသူများကိုလည်း တန်ဖိုးထား၍ လေးလေးစားစား ပူဇော်ခဲ့ကြခြင်းဖြစ်သည်။

**အားပေးကူညီ**

လူတို့သည် ငယ်ရွယ်၍ သန်မြန်ဖျတ်လတ်စဉ်က ကာယ၊ ဉာဏစွမ်းအားဖြင့် အဘက်ဘက်မှ စွမ်းဆောင်ခဲ့ကြပေသည်။ အသက်အရွယ်ကြီးရင့် အိုမင်းလာသောအခါတွင်ကား ယင်းကာယ၊ ဉာဏတို့ဖြင့် အဘက်ဘက်မှ စွမ်းဆောင်နိုင်မှုများ တဖြည်းဖြည်း ယုတ်လျော့လာကြသည်။ ဤကဲ့သို့ စွမ်းဆောင်နိုင်မှုများ လျော့ကျလာသည်နှင့်အမျှ သူတို့၏စိတ်ပိုင်းဆိုင်ရာ ယုံကြည်ခိုင်မာမှုများလည်း လျော့ပါးလာတတ်ကြသည်။ အိုမင်းမစွမ်းဟူသော စကားအတိုင်း အရာရာစွမ်းဆောင်မှု မပြုနိုင်တော့သော သက်ကြီးရွယ်အိုများကို ငယ်ရွယ်နုပျိုသူများက အားပေးကူညီကြရပေမည်။ မြန်မာတို့သည် သက်ကြီးရွယ်အိုများကို ရုပ်ပိုင်းဆိုင်ရာရော၊ စိတ်ပိုင်းဆိုင်ရာပါ ဝိုင်းဝန်းမြှင့်တင်ပေးကြရပါမည်။ ဤသို့ အရွယ်အားဖြင့်လည်းကောင်း၊ ဂုဏ်ရည်အားဖြင့်လည်းကောင်း ရိုသေထိုက်သူကို လေးစားရိုသေကာ အကူအညီပေးသူသည် မင်္ဂလာတရားနှင့်လည်းညီပေသည်။

သက်ကြီးရွယ်အိုများသည် ခေတ်အမျိုးမျိုးကို တွေ့ကြုံဖြတ်သန်းလာခဲ့သူများဖြစ်၍ မည်သည့်အကြောင်းအရာကိစ္စမျိုးကိုမဆို ကောင်းကျိုးဆိုးပြစ်များကို သိနားလည်ကြသည်။ အတွေ့အကြုံအရ ဘဝအတွက် ဆောင်ရန်၊ ရှောင်ရန်များကို သိမြင်ကြသည်။ ထို့ကြောင့် ကြီးရင့်သူများက ငယ်ရွယ်သူများကို အသိပညာများ ဖြန့်ဝေနိုင်ကြသည်။ ဆုံးမသွန်သင်ဩဝါဒများ ပေးနိုင်ကြသည်။ ကြီးသူတို့ထံမှရရှိသော အတွေ့အကြုံနှင့် အသိများသည် မျိုးဆက်သစ်တို့အတွက် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများပင်ဖြစ်သည်။ မြန်မာတို့တွင် "ဦးခေါင်းသုံးလုံးရှိသူကို ဆည်းကပ်ပါ"ဟူသော အဆိုအမိန့်တစ်ခုရှိသည်။ ဦးခေါင်းသုံးလုံးရှိသူဆိုသည်မှာ အသက်အရွယ်ကြီးရင့်သူများကို ဆိုလိုပါသည်။ သက်ကြီးရွယ်အိုတို့သည် ဇရာ၏ အထုအထောင်းဒဏ်ကိုခံကြရ၍ နားထိုင်း၊ ခါးကိုင်း၊ မျက်စိမှုန်၊ ခြေလက်များတုန်ရင်လာကြသော်လည်း အဖိုးတန်အသိပညာ အတွေ့အကြုံများကို လက်ဆင့်ကမ်းနိုင်ကြသည်။ သို့ဖြစ်၍ သက်ကြီးပုဂ္ဂိုလ်များကို အရေးတယူတန်ဖိုးထားဆက်ဆံကြရန်လိုပေသည်။

**ပြုစုစောင့်ရှောက်နိုင်မှု အားနည်းလာကြ**

နည်းပညာထွန်းကားလာသော ခေတ်ကြီးတွင် စက်မှုနည်းပညာနှင့် စီးပွားရေးသာ ရှေ့တန်းရောက်လာပြီး သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်နိုင်မှု အားနည်းလာကြသည်။ အထူးသဖြင့် တိုးတက်သောနိုင်ငံများတွင် ငယ်ရွယ်သူများက အချိန်နှင့်အမျှ အလုပ်နှင့် ပညာကိုသာ အာရုံစိုက်နေရသည့်အခါ သက်ကြီးရွယ်အိုများသည် ကူညီစောင့်ရှောက်မည့်မိသားစုနှင့် အနေနီးလျက် ကင်းကွာနေရသည့်အဖြစ်မျိုးနှင့် ကြုံနေရသည်။ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံကြီးများတွင် သက်ကြီးရွယ်အိုများကို ပိုမိုဂရုမစိုက်နိုင်သဖြင့် လူ့အသိုင်းအဝိုင်းနှင့် ဆက်ဆံရေးကျဲပါးလာပြီး စိတ်ကျရောဂါများ ခံစားနေကြရသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပါသည်ဆိုသော အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့တွင်ပင်လျှင် သက်ကြီးရွယ်အိုအများစုသည် အထက်ပါ တွေ့ကြုံခံစားရမှုမျိုး ခံစားနေကြရသည်ဟု သတင်းဖော်ပြချက်များအရ သိရသည်။ အချို့က လူ့ဘဝတွင် ငွေကြေးဥစ္စာပြည့်စုံအောင်၊ အရာရာပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်လျှင် ပြီးပြည့်စုံပြီဟု ယူဆကြသည်။ ငွေကြေးဥစ္စာနှင့် မိဘဆွေမျိုးများကို ထောက်ပံ့ကူညီနိုင်လျှင် လုံလောက်ပြီဟု ထင်မှတ်ကြသည်။ အမှန်စင်စစ် ငွေကြေးပစ္စည်းဥစ္စာရရှိရုံနှင့် ဘဝပြည့်စုံပြီဟု မဆိုနိုင်ပါ။ ငွေကြေးဖြင့် ဆိုင်မှဝယ်ယူရရှိသော ထမင်းတစ်နပ်သည် မိသားစုက ချက်ပြုတ်ကျွေးမွေးသည့် ထမင်းတစ်နပ်လောက် စိတ်ချမ်းမြေ့မှု၊ နွေးထွေးမှု မရရှိနိုင်ပေ။ လူ့ဘဝ၏ အဓိပ္ပာယ်နှင့် တန်ဖိုးသည် ဥစ္စာဓနတစ်မျိုးတည်းဖြင့် ပိုင်းဖြတ်မရနိုင်။ မိသားစု၊ မိတ်ဆွေများထံမှ ရရှိသော မေတ္တာ၊ ကရုဏာ၊ စေတနာတို့ ပေါင်းစပ်ဖြည့်ဆည်းမှသာ လေးနက်ပြည့်စုံပေသည်။

မိသားစု၊ မြို့ပြ၊ ပြည်ရွာတို့ကို ဖွဲ့စည်းတည်ထောင်ထားနိုင်သည်မှာ ငွေကြေးပစ္စည်းကြောင့်မဟုတ်။ အချင်းချင်းမကွဲမပြား တစည်းတလုံးတည်းတည်ရှိအောင် နှောင်ဖွဲ့ထားနိုင်သည့် သံယောဇဉ်ကြောင့်ဖြစ်သည်။ သံယောဇဉ်ဟူသည် အပြန်အလှန်ဆက်စပ်မှုဖြင့် ကောင်းကျိုးဖြစ်ထွန်းအောင် ဖော်ဆောင်နိုင်ပေသည်။ အသက်အရွယ်ကြီးရင့်သူများသည် သူတို့အရွယ်ကောင်းစဉ်က ငယ်နုသူများကို ပြုစုစောင့်ရှောက်ခြင်း၊ ကူညီဖေးမခြင်းများပြုခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့ အိုမင်းမစွမ်းဖြစ်ချိန်တွင် သံယောဇဉ်နှင့် ပြန်လည်ပြုစုစောင့်ရှောက်ကြရပေမည်။ ထိုသို့ ပြုစုစောင့်ရှောက်ရင်း သူတို့ထံမှ လေးနက်တည်ကြည်မှုများ၊ အသိအလိမ္မာများ၊ ဉာဏ်ပညာများ ရယူနိုင်ပါသည်။

**သက်ကြီးပူဇော်ပွဲများ**

မြန်မာနိုင်ငံတွင် ပြုလုပ်သော သက်ကြီးပူဇော်ပွဲများသည် ရာထူးဂုဏ်သိန်၊ စည်းစိမ်ဥစ္စာနှင့်မဆိုင်။ အသက်အရွယ်ကြီးရင့်အိုမင်းမှု တစ်ခုတည်းကိုသာ မူတည်ကျင်းပသော ပူဇော်ပွဲများဖြစ်သည်။ လူ့လောကတွင် အသက်အရွယ်ကြီးရင့်သူဟူသည့် ဂုဏ်ပုဒ်ကိုသာ အလေးထားမြတ်နိုးစွာ ဦးတည်ပြုလုပ်ခြင်းဖြစ်သည်။ သက်ကြီးပူဇော်ပွဲများကို ကျေးရွာ၊ ရပ်ကွက်အလိုက် စုပေါင်းကျင်းပသည်လည်း ရှိသည်။ အဖွဲ့အစည်းအလိုက်၊ ဌာနဆိုင်ရာအလိုက် ကျင်းပကြသည်လည်း ရှိသည်။ သူငယ်ချင်းအပေါင်းအသင်းများစုပေါင်း၍ ကောင်းမှုကုသိုလ်အဖြစ် သက်ကြီးရွယ်အိုများကို ကျွေးမွေးလှူဒါန်းကြသည်လည်းရှိသည်။ ထို့ပြင် သက်ကြီးပူဇော်ပွဲများကို သီတင်းကျွတ်ပွဲတော်၊ မြန်မာ့ရိုးရာ သင်္ကြန်ရေသဘင်ပွဲတော်များနှင့်လည်း တွဲဖက်ကျင်းပလေ့ရှိသည်။ သီတင်းကျွတ်ချိန်တွင် မိဘ၊ ဘိုးဘွား သက်ကြီးရွယ်အိုများကို သားသမီး၊ မြေးမြစ်များက ပူဇော်ကန်တော့ကြသည်။ သင်္ကြန်ပွဲတော်တွင် ခေါင်းလျှော်၊ ရေချိုး၊ ခြေသည်းလက်သည်း ညှပ်ပေးကြသည်။ ဝန်ထမ်းအဖွဲ့အစည်းများတွင်လည်း သက်ပြည့်အငြိမ်းစား အဘိုး၊ အဘွားများကို ဖိတ်ကြား၍ သက်ကြီးပူဇော်ပွဲ ကျင်းပကြသည်။ နှစ်စဉ် အောက်တိုဘာလ ၅ ရက်နေ့တွင် ကမ္ဘာ့ဆရာများနေ့၌ သက်ကြီးပင်စင်စား ဆရာကြီး ဆရာမကြီးများ၊ ဂုဏ်ထူးဆောင်ဆရာကြီး ဆရာမကြီးများကို ပူဇော်ဂုဏ်ပြုကြပါသည်။ တစ်ဖန် နှစ်စဉ် နတ်တော်လတွင် သက်ကြီးစာဆိုတော်ကြီးများကို ပူဇော်ကန်တော့ကြပါသည်။

**ဘိုးဘွားရိပ်သာများ ဆက်လက်တည်ထောင်**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ (၅၂) ကြိမ်မြောက် အထွေထွေညီလာခံမှ အတည်ပြုဆုံးဖြတ်ချက်နှင့် (၃၅) ကြိမ်မြောက် လူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကော်မရှင်တို့၏ ထောက်ခံချက်များအရ ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီသည် ၁၉၉၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အဖြစ် သတ်မှတ်ကျင်းပရန် ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။ တရုတ်နိုင်ငံတွင် သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို ပုံမှန်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်လျက်ရှိရာ တရုတ်ပြည်ရှိ သက်ကြီးရွယ်အိုများကို နေ့ဘက်အခါတွင် ပြုစုစောင့်ရှောက်ပေးရေးဌာနများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်နေကြောင်း သိရသည်။ ထိုဌာနများက ဘိုးဘွားများ၏ သားသမီးများ နေ့ဘက်အလုပ်ခွင်ဝင်နေချိန်တွင် ဘိုးဘွားများကို ပြုစုစောင့်ရှောက်ပေးထားပါသည်။ မြန်မာနိုင်ငံ၏ သက်ကြီးဘိုးဘွား စောင့်ရှောက်ရေးလုပ်ငန်းကို ကုသိုလ်ဖြစ်သာ ဆောင်ရွက်ခဲ့ကြပါသည်။ အထည်စက်ရုံပိုင်ရှင် ဒေါ်ဦးဖွန်းကစတင်၍ ဘိုးဘွားစောင့်ရှောက်ရေးဂေဟာကို အစပျိုးတည်ထောင်ဖွင့်လှစ်ခဲ့သည်။ ထို့နောက်ပိုင်းတွင် ဘိုးဘွားရိပ်သာများ ဆက်လက်တည်ထောင်လာကြပြီး သားထောက်သမီးခံမရှိသည့် ခိုကိုးရာမဲ့ သက်ကြီးရွယ်အိုများကို ခေါ်ယူစောင့်ရှောက်ထားခဲ့ကြသည်။ ယခုအခါ တစ်နိုင်ငံလုံးတွင် ဘိုးဘွားများကို သန်းချီ၍ ပြုစုစောင့်ရှောက်နေပြီဖြစ်ကြောင်း သိရပါသည်။

အချို့သော သက်ကြီးရွယ်အိုများမှာ ဆွေမျိုးသားချင်းများနည်း၍ မှီခိုစရာကင်းမဲ့နေသည်။ အချို့သော ဘိုးဘွားများမှာ အသက်အရွယ်အရ ကျန်းမာရေးချို့တဲ့နေကြသည်။ အချို့မှာကား စားသောက်ရန်ပင် အဆင်မပြေဘဲ ဆင်းရဲမှုနှင့် ကြုံတွေ့နေရသည်။ ထိုသို့သော သက်ကြီးရွယ်အိုများကို သားမြေးမြစ်အရွယ် လူငယ်မောင်မယ်များက ညှာတာထောက်ထားမှုတရားနှင့် ပြုစုစောင့်ရှောက်ပေးကြရမည်။ ဘိုးဘွားသက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ခြင်းဖြင့်

စာမျက်နှာ ၁၁ သို့ ○

❋ **မိမိတို့သည်လည်း တစ်ချိန်တွင် ထိုဘိုးဘွားများကဲ့သို့ အိုမင်းရင့်ရော်မှုကို မလွဲမသွေ ရင်ဆိုင်တွေ့ကြုံကြရမည်ဖြစ်ပေသည်။ ဤတွင် မိမိ၏ ဘဝရှေ့ရေးကို မျှော်မြင်စဉ်းစားကြည့်လျှင် ဘိုးဘွားတို့အပေါ် ကိုယ်ချင်းစာစိတ်များ၊ အကြင်နာမေတ္တာစိတ်များ ဖြစ်ပေါ်ပွားများလာပါလိမ့်မည်။**

❋ **သက်ကြီးရွယ်အိုများကို သားမြေးမြစ်အရွယ် လူငယ်မောင်မယ်များက ညှာတာထောက်ထားမှုတရားနှင့် ပြုစုစောင့်ရှောက်ပေးကြရမည်။ ဘိုးဘွားသက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ခြင်းဖြင့် သူတို့၏ သိမ်ငယ်မှု၊ အားငယ်မှုကို ပြေပျောက်စေကာ ကိုယ်စိတ်နှစ်ပါးရွှင်လန်း ကြည်နူးချမ်းမြေ့မှုရစေသဖြင့် ထူးမြတ်သောကောင်းမှုကို ပြုခြင်းမည်ပါသည်။**

အပြည်ပြည်ဆိုင်ရာ သက်ကြီးသူများနေ့

INTERNATIONAL DAY OF OLDER PERSONS

“ သက်ကြီးသူများဘဝ သာယာဖို့ သက်ရှယ်စုံညီပါဝင်လို့ ဝိုင်းဝန်းဖြည့်ဆည်းကြပါစို့ ”

“ Fulfilling the Promises of the Universal Declaration of Human Rights for Older Persons: Across Generations ”

၁.၁၀.၂၀၂၃ နေပြည်တော်

၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့

“ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး၊ အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ပေး”

WORLD TOURISM DAY 2023 | TOURISM & GREEN INVESTMENTS

၂၇-၉-၂၀၂၃ MICC-2၊ နေပြည်တော်

# အပတ်စဉ်(၄၈) သူနာပြုနှင့် သားဖွားဒီပလိုမာ သုံးနှစ် သင်တန်းသား သင်တန်းသူများ ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲ ကျင်းပ

တောင်ကြီး စက်တင်ဘာ ၂၆

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန အပတ်စဉ်(၄၈) သူနာပြုသားဖွားဒီပလိုမာ သုံးနှစ် သင်တန်းသား သင်တန်းသူများ၏ ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲကို ယနေ့ နံနက် ၈ နာရီတွင် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံဝင်းရှိ သူနာပြု သင်တန်းကျောင်း၌ ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

အဆိုပါအခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီး ချုပ်ဦးအောင်ဇော်အေးကအမှာစကားပြောကြားသည်။

ထို့နောက် တောင်ကြီးမြို့ သူနာပြုသင်တန်း ကျောင်း ကျောင်းအုပ်ကြီး ဒေါ်စုဝေမာက ဂျူတီ ကုတ်နှင့် ဦးဆောင်းအပ်နှင်းခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်ရာ ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူ များအား ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ချီးမြှင့် သည်။

ယင်းနောက် ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းဝေ၊ ဒေါ်နန်းသန်းကြည်နှင့် တာဝန်ရှိသူများ က သင်တန်းသား သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပေးအပ်ကြပြီး ရှမ်းပြည်နယ် ဝန်ကြီးချုပ်က သူနာပြုသင်တန်းကျောင်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ရာ ကျောင်းအုပ်ဆရာမ



ကြီး ဒေါ်စုဝေမာက လက်ခံရယူသည်။

ထို့နောက် တောင်ကြီးမြို့ လူထုအခြေပြု ဗဟိုဌာနတွင် ရှမ်းပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ၏ Hotel-Training (Housekeeping)နှင့် Hotel-Training (Waiter&Waitress) သင်တန်းဖွင့်ပွဲတွင် ပြည်နယ် ဝန်ကြီးချုပ်က တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးကော်မတီနာယက ပြည်နယ် ဝန်ကြီးချုပ်က ပါရမီဖွံ့ဖြိုးရေးကွန်ရက်မှ နာယက ဦးငွေထံ ထောက်ပံ့ငွေများ ပေးအပ်ပြီး ရှမ်းပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က ပါရမီဖွံ့ဖြိုးရေးကွန်ရက်မှ အတွင်းရေးမှူး ဦးခင်မောင်ကျော်ထံ Housekeeping သင်တန်းသား သင်တန်းသူများအတွက် စားစရိတ်ထောက်ပံ့ငွေ များနှင့် ရှမ်းပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်က ပါရမီဖွံ့ဖြိုး ရေးကွန်ရက်မှ သင်တန်းမှူး ဦးဖြိုးကြွယ်ထံ Waiter & Waitress သင်တန်းသား သင်တန်းသူများအတွက် စားစရိတ်ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်း ဦးစီးဌာနမှ ပရဟိတဂေဟာများရှိ ကလေးပြုစု စောင့်ရှောက်သူများအတွက် အသက်(၆)လမှ(၃)နှစ် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်း ပို့ချနေမှုကို ကြည့်ရှုအားပေးစကားပြောကြား၍ သင်တန်း အတွက် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးသူငယ်များ ရောင်စုံပုံစံတော၊ ကာတွန်း ဆေးရောင်ခြယ် ပြိုင်ပွဲဝင်နေသည့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများ က ဆုများနှင့် စားစရာပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# အသက်(၆)လမှ (၃)နှစ် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းဆင်းပွဲ ကျင်းပ

ကလေး စက်တင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ကလေးခရိုင် လူမှုဝန်ထမ်းဦးစီးဌာနက အသက် (၆)လမှ (၃)နှစ် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကလေးခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့မှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်က အဖွင့်အမှာစကား ပြောကြား သည်။ ဆက်လက်၍ ကလေးခရိုင် လူမှုဝန်ထမ်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မာထူးနှင့် တာဝန်ရှိသူများက သင်တန်း ဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြော ကြားသည်။ ဆက်လက်၍ သင်တန်းသား သင်တန်းသူများက တေးသီချင်းများဖြင့် ကပြ ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားသို့ ကလေးခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်း သား သင်တန်းသူများ စုစုပေါင်း ၅၀ တက်ရောက် ကြပြီး အဆိုပါသင်တန်းကို စက်တင်ဘာ ၆ ရက်မှ ၂၅ ရက်အထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■

❍ စာမျက်နှာ ၁၀ မှ

သူတို့၏ သိမ်ငယ်မှု၊ အားငယ်မှုကို ပြေပျောက်စေ ကာ ကိုယ်စိတ်နှစ်ပါးရွှင်လန်း ကြည်နူးချမ်းမြေ့မှု ရစေသဖြင့် ထူးမြတ်သောကောင်းမှုကို ပြုခြင်းမည် ပါသည်။ မြန်မာတို့၏ ဓလေ့ထုံးစံယဉ်ကျေးမှု အစဉ်အလာထဲတွင် သားသမီးတို့သည် မိဘဘိုးဘွား များကို ကျွေးမွေးပြုစုစောင့်ရှောက်ရမည့် ဝတ္တရား ရှိကြောင်း သင်္ဂဇာဆရာတော်က “သားသမီးဝတ် ကဗျာတွင် “ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံ ထိုက်စေ၊ လျှုမှုဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ် ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ”ဟု ရေးဖွဲ့လမ်းညွှန် ခဲ့သည်။

ကျွန်ုပ်တို့သည် “သင်လည်း တစ်နေ့ အိုရအံ့” ဟူသော သံဝေဂယူဖွယ်၊ သတိပြုဆင်ခြင်ဖွယ် ဆောင်ပုဒ်လေးကို တွေ့ဖူးဖတ်ဖူးကြမည်ဖြစ်သည်။ ထို့အပြင် လူတိုင်းလိုလို ဘိုးဘွားများနှင့် အတူတကွ နေထိုင်ဖူးကြမည်ဖြစ်သည်။ ထိုအခါ ဘိုးဘွားတို့၏ တတိယအရွယ် ရှင်သန်လှုပ်ရှားပြုမူပုံများကို မြင်ဖူး တွေ့ဖူးကြမည်လည်းဖြစ်သည်။ မိမိတို့သည်လည်း တစ်ချိန်တွင် ထိုဘိုးဘွားများကဲ့သို့ အိုမင်းရင့်ရော် မှုကို မလွဲမသွေ ရင်ဆိုင်တွေ့ကြုံကြရမည်ဖြစ်ပေ သည်။ ဤတွင် မိမိ၏ ဘဝရှေ့ရေးကို မြော်မြင် စဉ်းစားကြည့်လျှင် ဘိုးဘွားတို့အပေါ် ကိုယ်ချင်းစာ စိတ်များ၊ အကြင်နာမေတ္တာစိတ်များ ဖြစ်ပေါ်ပွားများ လာပါလိမ့်မည်။ လူ့ဘဝတွင် မရှိမဖြစ်လိုအပ်သည့် ထောက်ထားညှာတာ စာနာစိတ်များရှိခြင်းသည် မွန်မြတ်သန့်စင်သော လူ့ဂုဏ်ဒြပ်တစ်ခုအဖြစ် လက်ခံလာနိုင်ကြမည်ဖြစ်ပါသည်။

သက်ကြီးရွယ်အိုများကို ရိုသေပူဇော်သည့် ဓလေ့သည် မြန်မာလူမျိုးများတွင် ရှိသကဲ့သို့ အခြား လူမျိုးများတွင်လည်း ထားရှိလာကြသည်ကို တွေ့ရ ရာ လွန်စွာဝမ်းမြောက်မိပါသည်။ မြန်မာလူမျိုးများ ကား ကလေးအရွယ်ကပင် သက်ကြီးရွယ်အိုများကို ရိုသေလေးစားစွာဆက်ဆံရန် မိဘဆရာသမားများ က ဆုံးမသွန်သင်ကြသဖြင့် လိမ္မာရေးခြားရှိသူများ ပီပီ သက်ကြီးရွယ်အိုများကို ငယ်စဉ်ကပင် ပူဇော် ကန်တော့ခြင်း၊ ဖေးမကူညီခြင်း၊ပြုစုစောင့်ရှောက် ခြင်းဓလေ့များ စွဲမြဲနေသူများဖြစ်သည်။ ဤကဲ့သို့ မွန်မြတ်လှသော ဓလေ့အစဉ်အလာကောင်းများကို မျိုးဆက်သစ် လူငယ်မောင်မယ်များက မြတ်နိုးဖွယ် အစဉ်အလာတစ်ရပ်အဖြစ် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရန် လိုအပ်လှကြောင်း တင်ပြ လိုက်ရပေသည်။ ။

**ကိုးကားစာရင်း**

- **အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ (ဒေါ်နုကြည် - မဟာဝိဇ္ဇာ )**
- **သက်ကြီးပူဇော်ပွဲ (မေသူဇော် )**
- **ဓမ္မစာစောင်များ**

## စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပဲခူး စက်တင်ဘာ ၂၆**

၂၀၂၃-၂၀၂၄ ခုနှစ် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ်(၃/၂၀၂၃)ကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများအား အထွက်ကောင်းပြီး ပန်းတိုင်အထွက်နှုန်း ရရှိနိုင်သည့် မျိုးကောင်းမျိုးသန့် မျိုးစေ့များ လုံလောက်စွာရရှိစေရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အယ်လ်နီညိုရာသီဥတုဖြစ်၍ စပါးစိုက်ပျိုးမည့်နေရာများတွင် မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုအဖွဲ့များက သေချာကွင်းဆင်း၍ စိုက်နည်းစနစ်များ သရုပ်ပြပေးရန်၊ အသိပညာပေးရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေမျိုးများ အကျိုးရှိရှိ စနစ်တကျသုံးစွဲနိုင်ရေးနှင့် လေလွင့်မှုမရှိစေရေး ကျေးရွာအုပ်စုအလိုက် ဖွဲ့ပေးထားသည့် Water User Group အား အသိပညာပေးခြင်းလုပ်ငန်းများ ကြိုတင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် မြေဆီမြေနှစ်ကောင်းမွန်စေရေး သစ်စိမ်းမြေသြဇာ ပိုက်ဆံလျှော် စိုက်ပျိုးနိုင်ရေး မြို့နယ်အလိုက် စီမံချက် ချမှတ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးများက မိုးစပါး ရိတ်သိမ်းနေမှုနှင့် ဒုတိယသီးနှံဖြစ်သည့် ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံ အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်ရေး စီစဉ်ထားနေမှု၊ နွေစပါးစိုက်ပျိုးနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို တင်ပြကြရာ တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးမှူး တိုင်းဒေသကြီးအတွင်း စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး လုပ်ငန်းစီမံချက်များအား Power Point များဖြင့် တင်ပြခဲ့သည်။

ယင်းနောက် တင်ပြချက်များနှင့်ပတ်သက်၍ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများကို အကြံပြုတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ဘုရားကြီးဘုရားအနီး၊ ဆည်မြောင်းတိုးချဲ့ရပ်ကွက်၊ သရဖီလမ်း၊ အိမ်အမှတ်(၂)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၅-၉-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ၏ အလံပုံစံ**



**ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မြန်မာနိုင်ငံ၌ ကိုရီးယားအထည်ချုပ်လုပ်ငန်း၊ ချည်ထုတ်လုပ်ရေး၊ ချည်ငင်နှင့် ဆေးဆိုးလုပ်ငန်းများတွင် တိုးချဲ့ရင်းနှီးမြှုပ်နှံမည်

**ရန်ကုန် စက်တင်ဘာ ၂၆**

မြန်မာနိုင်ငံတွင် တိုးချဲ့ရင်းနှီးမြှုပ်နှံမည့် ကိုရီးယားအထည်ချုပ်လုပ်ငန်း PANKO Corporation မှ လုပ်ငန်းရှင်များနှင့် ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၂ ရက်တွင် လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ်ရုံး၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံရာတွင် ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက ပြည်တွင်းမှာ လာရောက်ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းရှင်များ လုပ်ရကိုင်ရလွယ်ကူစေမည့် အခြေအနေများကို ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အထည်ချုပ်လုပ်ခြင်းအပြင် ချည်ငင်၊ ဆေးဆိုးလုပ်ငန်းများလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်မည်ဆိုသည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ကိုင်ရာတွင် အကျိုးအမြတ်ရရှိလိုခြင်း တစ်ခုတည်းသာမက နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားသည်။ ကိုရီးယားနိုင်ငံ PANKO Corporation ဥက္ကဋ္ဌ Mr. Youngjoo Choi က မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းအပြင် ချည်ထုတ်လုပ်ရေး လုပ်ငန်းကို လုပ်ကိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ချည်ငင်ခြင်း၊ ဆေးဆိုးခြင်း စသည့် စက်မှုလုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုလာရောက်သည့် ကိုရီးယားလုပ်ငန်းရှင်များသည် ချည်ထုတ်လုပ်ရေးတွင် အတတ်ပညာရှိပြီး အတွေ့အကြုံများစွာရှိကြောင်း၊ ကုန်ထုတ်လုပ်ငန်းများ တိုးတက်ရန် အသင်းချုပ်နှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် တက်ရောက်လာသူများက ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ အထည်ချုပ်စက်ရုံများ တိုးချဲ့တည်ဆောက်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံသူများ လာရောက်လုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့စေရန် ကူညီပေးနိုင်ရေးတို့ကို ဆွေးနွေးကြသည်။ ကိုရီးယားနိုင်ငံ PANKO Corporation သည် မြန်မာနိုင်ငံတွင် အထည်ချုပ်စက်ရုံကို ၂၀၁၉ ခုနှစ်က ပဲခူးမြို့၌ စတင်တည်ထောင်ပြီး အထည်ချုပ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်၍ ပြည်တွင်းအလုပ်အကိုင်များ ဖန်တီးပေးလျက်ရှိသည်။

**မျိုးမင်းသူရ**

## ပုဂ္ဂလိကတိုင်းရင်းဆေးဝါးထုတ်လုပ်မှုဆိုင်ရာ တိုင်းရင်းဆေးဆရာများ၏ ကြီးကြပ်မှုစွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၂၆**

ကျန်းမာရေး ဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီတို့ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO တို့ ပူးပေါင်းဖွင့်လှစ်သော ပုဂ္ဂလိကတိုင်းရင်းဆေးဝါး ထုတ်လုပ်မှုဆိုင်ရာ တိုင်းရင်းဆေးဆရာများ၏ ကြီးကြပ်မှုစွမ်းရည်မြှင့် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ နာယက တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဦး၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးစိုးဝင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်ဦး (ဂရိတ်ဝေါတိုင်းရင်းဆေး) နှင့် တိုင်းရင်းဆေးပညာ ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသန်းညွှန့်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း ဗဟိုအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ သင်တန်းသား သင်တန်းသူ၊ တိုင်းရင်းဆေးဆရာ ဆရာမများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးစိုးဝင်းက သင်တန်းဖွင့်လှစ်ရန် ဆောင်ရွက်ခဲ့မှုများနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။





သင်တန်းကို စက်တင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး တိုင်းရင်းဆေးပညာဦးစီးဌာနနှင့်တိုင်းရင်းဆေးတက္ကသိုလ်တို့မှညွှန်ကြားရေးမှူး (ဆေးဝါးနှင့်ဥယျာဉ်)၊ ပါမောက္ခများနှင့် ဒုတိယညွှန်ကြားရေးမှူး(ဆေးဝါး)၊ ဒုတိယညွှန်ကြားရေးမှူး(သုတေသန)တို့က ဆွေးနွေးပို့ချသွားမည်ဖြစ်ကာ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ တိုင်းရင်းဆေး ဆရာ ဆရာမများ တက်ရောက်ကြကြောင်း သိရသည်။

**တီအမ်**

## တောင်ကိုရီးယားနိုင်ငံ၌ ဆယ်စုနှစ် တစ်ခုအတွင်း ပထမဆုံးအကြိမ် အကြီးစားစစ်ရေးပြအခမ်းအနားကျင်းပ



ဆိုးလ် စက်တင်ဘာ ၂၆

တောင်ကိုရီးယားနိုင်ငံသည် ဆယ်စုနှစ်တစ်ခုအတွင်း ပထမဆုံးအကြိမ်အဖြစ် ဆိုးလ်မြို့၌ အကြီးစားစစ်ရေးပြအခမ်းအနားတစ်ရပ်ကို ကျင်းပခဲ့ကြောင်းနှင့် ယင်းစစ်ရေးပြအခမ်းအနားတွင် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့် ဒုံးကျည်ခြိမ်းခြောက်မှုများကို တုံ့ပြန်ရေး၊ ကာကွယ်ရေးဆိုင်ရာ စွမ်းပကားမြှင့်တင်မည့်ရပ်တည်ချက်ကို ပြသခဲ့ကြောင်း သိရသည်။

အဆိုပါစစ်ရေးပြအခမ်းအနားကို တောင်ကိုရီးယားနိုင်ငံ စစ်တပ်တည်ထောင်ခြင်း (၇၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၂၆ ရက် ညနေပိုင်းတွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ယင်းစစ်ရေးပြအခမ်းအနားတွင် တပ်ဖွဲ့ဝင်အင်အား ၄၀၀၀ ခန့်ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံသည် စစ်ရေးပြအခမ်းအနားကို ငါးနှစ် တစ်ကြိမ်ကျင်းပရန် စီစဉ်ထားခဲ့သော်လည်း ယခင်သမ္မတဟောင်း မွန်ဂျေအင်း အစိုးရလက်ထက်တွင် ကျင်းပနိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။ ယနေ့ကျင်းပခဲ့သည့် စစ်ရေးပြအခမ်းအနားသည် ၂၀၁၃ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ကျင်းပသည့် စစ်ရေးပြအခမ်းအနားဖြစ်ကြောင်းလည်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်



## ဗီယက်နမ်နိုင်ငံရှိ လေဆိပ်များသို့ ယခုနှစ် ပထမကိုးလအတွင်း နိုင်ငံခြားသား ခရီးသည်လာရောက်မှု မြင့်တက်

ဟနွိုင်း စက်တင်ဘာ ၂၆

ဗီယက်နမ်နိုင်ငံရှိလေဆိပ်များသို့ ယခုနှစ်ပထမကိုးလအတွင်း နိုင်ငံခြားသား ခရီးသည် ၂၃ ဒသမ ၇ သန်း လာရောက်ခဲ့ကြောင်းနှင့် ယင်းပမာဏသည် ယမန်နှစ်အလားတူကာလကထက် ၂၆၆ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်လာကြောင်း ဗီယက်နမ်မြို့ပြလေကြောင်းအာဏာပိုင်အဖွဲ့က စက်တင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။

ယင်းအခြေအနေသည် နိုင်ငံ၏ လေကြောင်းပြေးဆွဲရေးလုပ်ငန်း ပြန်လည်နာလန်ထူလာခြင်းဖြစ်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက မှတ်ချက်ပြု ပြောကြားသည်။

ယခုနှစ် ပထမကိုးလအတွင်း ဗီယက်နမ်လေကြောင်းလိုင်းများသည် ခရီးသည် ၄၄ ဒသမ ၁ သန်းကို ပို့ဆောင်ပေးခဲ့ပြီး ယင်းပမာဏသည် နှစ်အလိုက် ၂၀ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံ၏ ပြည်ပလေကြောင်း ပြေးဆွဲမှုဈေးကွက်သည် ပြန်လည်နာလန်ထူလာသည့် အခြေအနေတွင်ရှိပြီး လေကြောင်းပြေးဆွဲမှုဈေးကွက်ကို ကာဇက်စတန်၊ ဥဇဘက်ကစ္စတန်နှင့် တာ့မင်နင်စတန်နိုင်ငံတို့အထိ တိုးချဲ့နိုင်ခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် နိုင်ငံ အများအပြားသို့ တံခါးဖွင့်မူဝါဒကို လိုက်နာကျင့်သုံးနေသောကြောင့် ဗီယက်နမ်နိုင်ငံသို့ နိုင်ငံခြားသားခရီးသွားအများအပြား လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသို့ ယခုနှစ်ပထမရှစ်လအတွင်း ခရီးသည် ၇ ဒသမ ၈ သန်း လာရောက်ခဲ့သည့်အပြင် ထပ်မံ၍လည်း အများအပြားလာရောက်ရေးဆောင်ရွက်မည်ဖြစ်ကြောင်း အထွေထွေစာရင်းအင်းရုံးမှ သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

## လာအိုနိုင်ငံတွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် မိုးခေါင်ရေရှားမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ဗီယင်ကျန်း စက်တင်ဘာ ၂၆

လာအိုအစိုးရနှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့အကြား အယ်လ်နီညို ရာသီဥတု ဖြစ်စဉ်ကြောင့် ဖြစ်ပွားလာနိုင်သည့် မိုးခေါင်ရေရှားမှုများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မိုးခေါင်ရေရှားမှု ခန့်မှန်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို လာအိုနိုင်ငံ အလုပ်သမား၊ လူမှုဖူလုံရေး၊သဘာဝအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် စိုက်ပျိုးရေးဝန်ကြီးဌာနတို့အကြား စက်တင်ဘာ ၁၅ ရက်တွင် ကျင်းပခဲ့ကြောင်း လာအိုသတင်းအေဂျင်စီ ကေပီအယ်လ်က ပြောကြားသည်။

အယ်လ်နီညိုဖြစ်စဉ် ကာကွယ်ရေးဆိုင်ရာနည်းလမ်းများကို လာအိုအစိုးရနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား မြို့တော်ဗီယင်ကျန်းတွင် ဆွေးနွေးခဲ့သည်။ အယ်လ်နီညိုကြိုတင်ကာကွယ်ရေးအဖြစ် ရာသီဥတုဆိုင်ရာ ခန့်မှန်းချက်နှင့် ကြိုတင်သတိပေးချက်များထုတ်ပြန်ခြင်း၊ ရာသီဥတုဖြစ်စဉ်ကာကွယ်ရေးရန်ပုံငွေထားရှိခြင်းနှင့် ရာသီဥတုဖြစ်စဉ်ကာကွယ်ရေးဆိုင်ရာ စံချိန်စံညွှန်းများသတ်မှတ်ခြင်းဖြင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကို ကြိုတင်ကာကွယ်မည်ဖြစ်ကြောင်း ၎င်းအလုပ်ရုံဆွေးနွေးပွဲအရ သိရသည်။

နိုင်ငံအတွင်း အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းများ ကျဆင်းခဲ့ကာ စားရေရိက္ခာဖူလုံရေးကို အကျိုးသက်ရောက်ခြင်းများရှိခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

## ဂျပန်နိုင်ငံ နစ်ဆန်းကားကုမ္ပဏီက ၂၀၃၀ ပြည့်နှစ်အရောက်တွင် ဥရောပဒေသ၌ လျှပ်စစ်ကား သီးသန့်ရောင်းချမည်

တိုကျို စက်တင်ဘာ ၂၆

ဂျပန်နိုင်ငံမှ နစ်ဆန်း ကားကုမ္ပဏီသည် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ဥရောပဒေသ၌ လျှပ်စစ်ကားသီးသန့်ရောင်းချရေးအစီအစဉ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။




နစ်ဆန်းက စက်တင်ဘာ ၂၅ ရက်တွင် ယခုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

နစ်ဆန်းသည် ကမ္ဘာတစ်ဝန်းတွင် မော်တော်ကားအစီးရေတစ်သန်းကို ရောင်းချခဲ့ရာတွင် သုံးပုံတစ်ပုံကို ဥရောပဒေသတွင် ရောင်းချခဲ့သည်။ ဥရောပဒေသတွင် လျှပ်စစ်ကားသုံးစွဲရေးကို အပြည့်အဝ ဆောင်ရွက်နေသဖြင့် နစ်ဆန်းကလည်း ၎င်းဒေသတွင် လျှပ်စစ်ကား ရောင်းချရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-စိုးသူရ

## အာရှဖွံ့ဖြိုးရေးဘဏ်က ကမ္ဘောဒီးယားနိုင်ငံသို့ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၄၀ ထောက်ပံ့မည်




ဖနောင်ပင် စက်တင်ဘာ ၂၆

အာရှဖွံ့ဖြိုးရေးဘဏ်သည် ကမ္ဘောဒီးယားနိုင်ငံ၏ လုပ်သားအင်အားမြှင့်တင်ရန်နှင့် ပြည်သူ့ဝန်ဆောင်မှုများ ပေးအပ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံသို့ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၄၀ ထောက်ပံ့မည့် သဘောတူညီချက်တစ်ရပ်ကို စက်တင်ဘာ ၂၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါချေးငွေဆိုင်ရာသဘောတူညီချက်ကို ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ ပွန်မိုနီရော့သ်နှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အာရှဖွံ့ဖြိုးရေးဘဏ်ဌာနေ ညွှန်ကြားရေးမှူး ဂျိုင့်ဆာနာဗာမာတို့က မြို့တော်ဖနောင်ပင်၌ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

### ထုတ်ချေးမည်

အာရှဖွံ့ဖြိုးရေးဘဏ်သည် ကမ္ဘောဒီးယားနိုင်ငံ၏ အသိပညာအခြေခံ စက်မှုစီးပွားရေးအဖြစ် အသွင်ကူးပြောင်းရာတွင် အကူအညီပေးရန် အမေရိကန်ဒေါ်လာသန်း ၁၀၀ ထုတ်ချေးမည်ဖြစ်ကာ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၄၀ ထုတ်ချေးမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်

■

# ပုသိမ်ကြီးမြို့နယ်၌ ငွေကျပ် ၁၈ ဒသမ ၈ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၅၅ သန်း သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ ငွေကျပ် ၁၈ ဒသမ ၈ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၅၅ သန်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ထုံးဘို-မြစ်ငယ်ကားလမ်း ထုံးဘိုတိုးဂိတ်အနီးတွင် သီပေါမှ မန္တလေးသို့ စိုင်းထင်လင်း မောင်းနှင်ပြီး ထိန်ဝင်း လိုက်ပါလာသည့် ၂၂ ဘီးတွဲယာဉ်ကို သတင်းအရ ရှာဖွေရာ ဒေသကာလတန်ဖိုးငွေကျပ် ၁၈ ဒသမ ၈ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၅၅ သန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခိုင်းသူ ဂေါ်လီ(ခ)ကျော်ကြီး(ခ)ကျော်စိန်မြင့် အပါအဝင် စိုင်းထင်လင်းနှင့် ထိန်ဝင်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**




ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံရောင်းစား၍ ငွေကြေးအကျိုးအမြတ် ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် စက်တင်ဘာ ၂၆**

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံ ရောင်းစား၍ ငွေကြေးအကျိုးအမြတ် ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်နေ ဒေါ်စန္ဒာဝင်းနှင့် ဒေါ်တင်ရီတို့က ရန်ကင်းမြို့နယ်နေ မ ---၊ ၂၂/၂၀၂၀ နှစ်အား တရုတ်နိုင်ငံရှိ စက်ရုံတွင် အလုပ်လုပ်ကိုင်ပါက စီးပွားရေး အဆင်ပြေသည်ဟု ပြောဆိုစည်းရုံးကာ တရုတ်အမျိုးသားထံ ယွမ်ငွေ ၁၁၀၀၀၀ ဖြင့် ရောင်းစား၍ ငွေကြေးအကျိုးအမြတ် ရယူခဲ့သဖြင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့မရဲစခန်း (ပ) ၁၂၇၉/ ၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၈(က)ဖြင့် အမှုရေးဖွင့်၍ ဒဂုံမြို့သစ်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ စက်တင်ဘာ ၂၅ ရက်တွင် တရားခံ ဒေါ်စန္ဒာဝင်းနှင့် ဒေါ်တင်ရီတို့အား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၃ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဓာတုပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၆**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Painted Aluminium Profile For Window ၂၀၀၀ ကီလိုဂရမ်၊ 65% Polyester 35% Cotton Knitted Fabric ၃၁၀၀ မီတာ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၇၈၀၁၁၈၂)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သထုံမှ ပဲခူးသို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Prawn Hornet စားအုန်းဆီ ၇၇၄ လီတာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀)နှင့် မြဝတီမှ ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် SCGC LLDPE Polyethylene Compound ၃၂၅၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MAN Tractor Head တစ်စီးနှင့်နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် လေဆိပ်(သွင်းကုန်)၌ ဝန်စည်များ အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Huang Helou စီးကရက် ၂၅ တောင့်၊ iPhone 15 Pro Max လေးလုံး၊ iPhone 15 သုံးလုံးအပါအဝင်ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၇၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၂၁၅၁၁၈၂ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၂၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့ ထုံးဘိုတိုးဂိတ်အနီး၌ ရန်ကုန်မှ မန္တလေးသို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Hatari နံရံကပ်ပန်ကာ ၁၅ လုံးအပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၀၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၁၀၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၂၃ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ တော်ဝင် (စစ်ဆေးရေး)တံတား၌ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲနေသည့် Chemical Compound Salicylic Acid ၁၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၆၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့တူ စက်တင်ဘာ ၂၃ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အမျိုးသမီးဝတ်ဂါဝန်အင်္ကျီ အထည် ၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၂၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ ပြန်လည်ပြုပြင်ထားသည့် ရေခဲသေတ္တာအဟောင်း ရှစ်လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan UD Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပြည်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၆၈၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၅၀၆၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၁၅၀၆၀ ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၈ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၁၅၃၁၂၄၂)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၉-၂၀၂၄ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ရတနသုတ် ဓဇဂ္ဂသုတ်၊အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ချစ်စရာဓလေ့များနှင့်အာခါမျိုးနွယ်စုများရဲ့ တောင်ပေါ်ဒေသ
- ၀၉:၁၅ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၀၉:၄၀ စိတ်ဝင်စားဖွယ်ခရီးအသွယ်သွယ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၁၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများအစီအစဉ်
- ၁၁:၃၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဒေး' (အပိုင်း-၅)
- ၁၃:၀၀ သီချင်းကြိုးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၄:၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း' (အပိုင်း-၂၇)
- ၁၅:၂၅ Weekly Soccer Preview
- ၁၆:၃၅ ရှေ့သို့ချီမည်ပန်းတိုင်ဆီ
- ၁၇:၂၀ အိပ်မက်လမ်းကိုဖြတ်သန်း...ရဝေးအဒမ်း
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ဟာသမြို့တော် (ရယ်စရာစင်တင်ဟာသတစ်ခန်းရပ်) 'ဇာတ်ညွှန်းအတိုင်းသွားပါ'
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဒေး' (အပိုင်း-၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၂၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်ဂုဏ်ပြု အစီအစဉ် 'လောဘအမှောင်' ဆိုင်ပြော ဇာတ်တော်ကြီး (ပထမပိုင်း) (သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တင်ဆက်သည်)
- ၂၂:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၂၄)

### mitv

- 07:01 Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy)
- 07:05 Myanmar Puppeteers (Tha Nge Taw Dance)
- 07:15 Sagaing: Gold Leaf
- 07:23 Discovering Tribes: Ancient Kayah- their life and customs
- 08:01 News
- 08:26 World Tourism Day (27th September)
- 08:31 Ecotourism: The Tourist Attractions of Mingun, Sagaing
- 09:01 Goldsmith
- 09:06 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-2)
- 09:21 Popsicle Sticks Art Creator
- 09:34 The Great Collector: Myanmar Antique Furniture and Handicraft
- 10:01 News

### MRTV NRC

- **မွန် (၀၆:၀၀ မှ ၀၈:၀၀)** ဓလေ့ရိုးရာလက်မှုပညာမွန်ရိုးရာလက်ရက်ကန်း
- **ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** အရသာကျော်မော်ခေါက်ဆွဲကဘားကြော်
- **ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)** ရင်ထဲကလက်မှုပညာ(လှည်းဘီး)
- **ဝ (၁၂:၀၀ မှ ၁၄:၀၀)** မြင်းခွာရွက်နှင့်ကျန်းမာရေး
- **ကချင် (၁၄:၀၀ မှ ၁၆:၀၀)** လက်ကိုင်ဖုန်းနှင့်ကျန်းမာရေး
- **ကယား (၁၆:၀၀ မှ ၁၈:၀၀)** ကယားမျိုးနွယ်စုတို့ရဲ့ဝတ်စားဆင်ယင်မှု
- **စကောကရင် (၁၈:၀၀ မှ ၁၉:၀၀)** ကရင်ဖြူလူမျိုးအများစုနေထိုင်ရာတောင်ကျွန်းလေး
- **အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** ကရင်စာပေစကားပြောကြရအောင်(အပိုင်း-၉)
- **အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)** ပန်းချီဆရာစောထွန်းလင်းနှင့်တွေ့ဆုံမေးမြန်းခြင်း
- **ချင်း(လိုင်ဇို) (၂၁:၀၀ မှ ၂၂:၀၀)** ဇာတ်တော်ချိုင့်ရေတံခွန်သို့အလည်တစ်ခေါက်
- **ချင်း(ချိုး) (၂၂:၀၀ မှ ၂၃:၀၀)** ချင်းပြည်နယ်၏အလှအပများ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ ချစ်စရာဓလေ့များနှင့် အာခါမျိုးနွယ်စုများ၏ တောင်ပေါ်ဒေသ
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၄၅ SPORTS MAX
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၉:၁၅ အပန်းဖြေစခန်းများစွာစုစည်းရာ ရေချောင်းမ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'ကိုယ်နှင့်မဆိုင်သော်လည်း'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ပြည်သူအားလုံးနှင့်သက်ဆိုင်သည့်အနာဂါတ် ဒီမိုကရေစီ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၃)
- ၁၈:၀၀ Economic Review (အပိုင်း-၂၁) (မြန်မာ့မွေးမြူရေးကဏ္ဍ)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၅ အားမာန်ဝင့်ချီခေတ်မီမွေးမြူရေးသုတေသန ဖွံ့ဖြိုးရေးဆီသို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၀၀ ငါ့ရင်ထဲကလိပ်ပြာ (ဇာတ်လမ်း)
- ၁၉:၃၀ 2023 HUGE VEGETABLE HARVEST
- ၂၂:၀၀ A visit to Wambugu Apples farmer in Kilimambogo
- ၂၃:၀၀ A Smallholder's Voice| Documentary

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ SPORTS Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၃၀ Weekly Soccer Preview

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက် သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်း သည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့ အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စု တစ်စုကို မျှတမှုမရှိစွာဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့် စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။




## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့နံနက်ပိုင်းတွင်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ အလင်းဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ဈေးတန်းရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်း၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

**ထောက်ပံ့ငွေများပေးအပ်**

ဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ထောက်ပံ့ငွေများပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက် ပေးလျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့် ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Ye Yient Htwe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျောက်မြောင်းရပ်ကွက်နေ အောင်စန်းထွေးအား မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “San Ko အမေ့သား 2” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် စဝ်စံထွန်းရပ်ကွက်နေ ဆန်းကိုအား ညနေ ၄ နာရီတွင်လည်းကောင်း၊ “Zay Min Htut Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နေ ဇေမင်းထွဋ်အောင်အား ည ၈ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## TNLA အဖွဲ့ဝင်များက နမ့်ဖတ်ကာကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ၁၁ နှစ်အရွယ် အပြစ်မဲ့အရပ်သားကလေးငယ် တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာကျေးရွာအတွင်းသို့ TNLA အဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်လာခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၀ နာရီ ၅၅ မိနစ်ခန့်တွင် TNLA အဖွဲ့ဝင်များက နမ့်ဖတ်ကာကျေးရွာ၏ အနောက်တောင်ဘက်မီတာ ၁၇၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် အပြစ်မဲ့အရပ်သား ဒေသခံပြည်သူများ နေထိုင်လျက်ရှိသည့် ကျေးရွာအတွင်းသို့ ထိခိုက်ပျက်စီးစေလိုသည့် ရည်ရွယ်ချက်ဖြင့် အဝေးမှ နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်လာခဲ့ကြောင်းနှင့် အဆိုပါပစ်ခတ်တိုက်ခိုက်မှုကြောင့် ကျေးရွာအတွင်း နေထိုင်လျက်ရှိသည့် ၁၁ နှစ်အရွယ် အပြစ်မဲ့ အရပ်သားကလေးငယ်အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး TNLA အဖွဲ့ဝင်များသည် အဆိုပါကျေးရွာ၏ အနောက်တောင်ဘက်သို့ ပြန်လည်ဆုတ်ခွာသွားကြောင်း သိရသည်။

ဖြစ်စဉ်တွင် TNLA အဖွဲ့ဝင်များ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့အရပ်သားကလေးငယ်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက နမ့်ဖတ်ကာပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နမ့်ဖတ်ကာကျေးရွာနှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်အား လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




နမ့်ဖတ်ကာကျေးရွာသို့ TNLA အဖွဲ့များ လာရောက်ပစ်ခတ်ခဲ့သည့် နေရာပြပုံ။




## (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကြိုဆိုဂုဏ်ပြုသည့် အနေဖြင့်“လောဘအမှောင်” ဆို၊ ငို၊ ပြော ဇာတ်တော်ကြီးကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် စက်တင်ဘာ ၂၆

နေပြည်တော်တွင် အောက်တိုဘာ ၂၄ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် “လောဘအမှောင်” ဆို၊ ငို၊ ပြော ဇာတ်တော်ကြီးကို နှစ်ပိုင်းခွဲ၍ စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ည ၉ နာရီ၌ MRTV–HD Channel မှ ထုတ်လွှင့်ပြသမည် ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက စီစဉ်ပြီး ဇာတ်ညွှန်းနန်းမြင့်ဆွေ(မန္တလေး) ဂီတမှူး(ဂီတဝိဇ္ဇာ အောင်ဝမ်းတူး)၊ ရွှာစားကျော် နိုင်လင်းဗိုလ်နှင့်အဖွဲ့၏ တီးခတ်မှုနှင့်အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက တင်ဆက်ထားခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၅ ရက်က သိန္နီမြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးနိုင်တင်အေး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီမြို့နယ် ဆေးရုံဝင်းအတွင်းမြက်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများ ရှင်းလင်းခြင်းတို့ ဆောင်ရွက်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)

## မိုးညှင်းမြို့နယ် နန့်မွန်းမြို့မှ နေရပ်စွန့်ခွာပြည်သူများအား ဆန်ရိက္ခာတစ်လစာ၊ ပြောင်းရွှေ့စရိတ်နှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

မိုးညှင်း စက်တင်ဘာ ၂၆

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်မွန်းမြို့မှ နေရပ်စွန့်ခွာပြည်သူများအား ဆန်ရိက္ခာ တစ်လစာ၊ ပြောင်းရွှေ့စရိတ်နှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့နံနက် ၁၀ နာရီက စုပေါင်းရုံးရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ခိုင်ကိုက အဆိုပါ ထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ နေရပ်စွန့်ခွာပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလဖိုင်ဇော်ဂေါင်က နန့်မွန်းမြို့မှ နေရပ်စွန့်ခွာပြည်သူများအတွက် ဆန်ရိက္ခာတစ်လစာ၊ ပြောင်းရွှေ့စရိတ်နှင့် ၁၆ မျိုးပါ ကယ်ဆယ်ရေးပစ္စည်းများ၊ တာပေါ်လင်စ မိုးကာများ ထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက နန့်မွန်းမြို့မှ နေရပ်စွန့်ခွာပြည်သူ အိမ်ထောင်စု ၁၃ စု၊ လူဦးရေ ၆၉ ဦးအတွက် ဆန်ရိက္ခာတစ်လစာ ငွေကျပ် ၆၂၁၀၀၀၊ ပြောင်းရွှေ့စရိတ်အတွက် ငွေကျပ် ၁၃ သိန်း၊ ၁၆ မျိုးပါ ကယ်ဆယ်ရေးပစ္စည်းပုံး ၁၃ ပုံးနှင့် ခြောက်ပေ၊ ၁၈ ပေရှိ တာပေါ်လင်စ မိုးကာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## တိုက်ကြီးမြို့နယ်၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

တိုက်ကြီး စက်တင်ဘာ ၂၆

ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို တိုက်ကြီး(မြို့မ) အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့နံနက် ၁၁ နာရီက ကျင်းပသည်။



ဦးစွာ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မာဝေ က အဂတိလိုက်စားမှု ကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာပေး ဟောပြောသည်။ ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးယဉ်ထွန်းက မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် သမိုင်းကြောင်းနှင့် ကော်မရှင်၏ ဆောင်ရွက်ချက်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပြဋ္ဌာန်းခြင်းနှင့် အဂတိလိုက်စားမှု သဘောတရားများ စသည့် အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး ဆွေးနွေးပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲသို့ ခရိုင်/ မြို့နယ်လဝက ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၉-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၂၀ | ၂၂၆၅ | ၂၂၆၀ | ၂၂၂၅ | ၂၂၆၅ | ၂၂၉၀ | ၂၂၇၅ | ၂၂၅၀ | ၂၃၅၀ | ၂၃၆၅ | ၂၂၆၀ | ၂၂၆၅ | ၂၃၀၅ | ၂၃၀၅ | ၂၃၀၅ | ၂၅၃၅ | ၃၂၅၀ |
| 95 Ron | ၂၃၂၅ | ၂၃၇၅ | ၂၃၇၅ | ၂၃၃၅ | ၂၃၇၅ | ၂၃၉၅ | ၂၃၈၀ | ၂၃၆၀ | ၂၄၆၀ | ၂၄၇၅ | ၂၃၆၅ | ၂၃၈၅ | ၂၄၁၀ | ၂၄၁၅ | ၂၄၁၅ | ၂၆၄၅ | ၃၃၅၀ |
| HSD (500 ppm) | ၂၄၉၀ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၀ | ၂၅၃၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၅ | ၂၆၄၅ | ၂၆၃၅ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၈၀ | ၂၈၁၀ | ၃၃၅၀ |
| HSD (50 ppm) | ၂၅၆၅ | ၂၆၁၅ | ၂၆၁၀ | ၂၅၇၅ | ၂၆၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၆၀၀ | ၂၇၂၀ | ၂၇၁၅ | ၂၆၀၅ | ၂၆၂၀ | ၂၆၅၀ | ၂၆၅၀ | ၂၆၅၅ | ၂၈၈၅ | ၃၄၁၀ |
| HSD (10 ppm) | ၂၅၆၅ | ၂၆၁၅ | ၂၆၁၀ | ၂၅၇၅ | ၂၆၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၆၀၀ | ၂၇၂၀ | ၂၇၁၅ | ၂၆၀၅ | ၂၆၂၀ | ၂၆၅၀ | ၂၆၅၀ | ၂၆၅၅ | ၂၈၈၅ | ၃၄၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၀၉ | ၂၁၈၄ |
| 95 Ron | ၂၂၁၄ | ၂၂၉၁ |
| HSD (500 ppm) | ၂၃၇၂ | ၂၄၄၉ |
| HSD (50 ppm) | ၂၄၄၆ | ၂၅၂၅ |
| HSD (10 ppm) | ၂၄၄၆ | ၂၅၂၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၈၈၈ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ခုနစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၆-၉-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၅–၉–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆–၉–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၈၈၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၈) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး လူငယ်စကားဝိုင်းများ ကျင်းပ



### ကျိုင်းတုံ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို စက်တင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက မိုင်းဇင်းကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း(ယန်းလူး) တွင် ကျင်းပသည်။

### အမှာစကားပြောကြား

ဦးစွာ ကျိုင်းတုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးစိုင်းဆမ်တစ်နှင့် အခြေခံပညာအထက်တန်းကျောင်း(ယန်းလူး) ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်ဝင်းတို့က အမှာစကားပြောကြားပြီး ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်က လူငယ်စကားဝိုင်း ကျင်းပရသည် ရည်ရွယ်ချက်များကို ပြောကြားသည်။

လူငယ်စကားဝိုင်းတွင် ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးစိုင်းရွှေအောင်နှင့် အထက်တန်းပြ ဆရာမ ဒေါ်ဇင်မာနွယ်တို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကြပြီး အခြေခံပညာအထက်တန်းကျောင်း(ယန်းလူး)မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်စာပေ စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြရာ လူငယ်စကားဝိုင်းတက်ရောက်လာကြသည့် မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်များက ဖြည့်စွက်ဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက စကားဝိုင်းအတွင်း အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

### ဗဟန်း

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ရွှေနန်ယန်ခန်းမ၌ လူငယ်စကားဝိုင်းကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာမိုးက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့ပြီး ဗဟန်းမြို့နယ် လက်ထောက်မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုအုန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် Moderator အဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဗဟန်းမြို့နယ်ရုံးမှ မြို့နယ်ဦးစီးမှူး ဒေါ်မေသန္တာနှင့် နန်ယန်ကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်တင်မေအေးတို့က ဆောင်ရွက်ခဲ့ပြီး Grade–11 မှ မောင်ဇော်ရဲဝင့်ထက်က လူငယ်နှင့် ပညာရေး၊ မောင်ထက်ဝေယံအောင်က လူငယ်နှင့်နည်းပညာ၊ မောင်မြတ်သူကျော်က လူငယ်နှင့်စာရိတ္တ၊ မဆန်းဝေဝေမော်က လူငယ်နှင့်အားကစား၊ မခန့်ထက်ထက်သာက လူငယ်နှင့်ယဉ်ကျေးမှု၊ မမိုးပြည့်ဇုန်က လူငယ်နှင့်ကျန်းမာရေးစသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။



ထို့နောက် ပါဝင်ဆွေးနွေးပေးကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ကြကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ် စာစောင်များ၊ သုတ၊ ရသစာအုပ်များကို တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

### တာချီလိတ်

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီက အခြေခံပညာ အထက်တန်းကျောင်း (ဆန်ဆိုင်း) ခန်းမ၌ကျင်းပသည်။



ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးနှင့် ကျောင်းအုပ်ဆရာကြီး ဦးလှမျိုးတို့က လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် လူငယ်စကားဝိုင်း ကျင်းပသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးလတ်နှင့် အခြေခံပညာအထက်တန်းကျောင်း (ဆန်ဆိုင်း)မှ ဆရာ ဦးဇော်မင်းတို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ Grade – 12 ကျောင်းသား မောင်ဘုန်းသက်နိုင်ဦးက “လူငယ်နှင့်ကျန်းမာရေး”၊ ကျောင်းသူ မနန်းသီရိမြတ်နိုးက “လူငယ်နှင့် အောင်မြင်ရေး”၊ မဆုလှဲ့ရည်က “လူငယ်နှင့်စာဖတ်ခြင်း”၊ Grade – 11 ကျောင်းသား မောင်ရဲထွေးက “လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး”၊ Grade – 10 ကျောင်းသား မောင်ဇင်မင်းအေးက “လူငယ်နှင့် ပညာရေး” စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည့် မေးမြန်းချက်များကို ဦးဆောင်ဆွေးနွေးသူတို့က ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### လှည်းကူး

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက လှည်းကူး မြို့နယ် ရဲမွန်တပ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ လူငယ်စကားဝိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးခင်ဇော်က အမှာစကားပြောကြားပြီး လှည်းကူးခရိုင် ပညာရေးမှူး ဒေါ်မြတ်မြတ်ထွေးက လူငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဆိုသည့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းများ ကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွဲ့နှင့် အခြေခံပညာအထက်တန်းကျောင်း (ရဲမွန်)မှ အထက်တန်းပြဆရာမ ဒေါ်မာမာဝေတို့က ညှိနှိုင်းရေးမှူးများအဖြစ် ဆောင်ရွက်ပြီး အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ငါးဦးတို့က လူငယ်နှင့် စာပေ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက မိမိတို့ သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူ ကျောင်းသား ကျောင်းသူငါးဦးတို့က ပြန်လည်ဖြေကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှဌေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဆားပြင်ကြီးကျေးရွာ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းအား တာဝန်ရှိသူများကွင်းဆင်းစစ်ဆေး

**ရသေ့တောင် စက်တင်ဘာ ၂၆**

ရခိုင်ပြည်နယ် ရသေ့တောင် မြို့နယ် ဆားပြင်ကြီးကျေးရွာ၌ ကျေးရွာနေပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျောက်ချော လမ်းခင်းခြင်း မြစိမ်းရောင် ငါးကဏ္ဍအတိုးရငွေ လုပ်ငန်းပြီးစီးနေမှုကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။



အဆိုပါလမ်းကို ကျေးရွာကုန်ထုတ်လုပ်ငန်းများ အဆင်ပြေစေရန်အတွက် အလျား ပေ ၃၀၀၊ အနံ ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျောက်ချောလမ်းခင်းရန် မြစိမ်းရောင်ငါးကဏ္ဍ အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်း ငွေကျပ် ၆၅ သိန်းဖြင့် ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်) က ခွင့်ပြုငွေဖြင့် ဆောင်ရွက်ခဲ့သည်။

ယခုအခါ လုပ်ငန်းပြီးစီးသွားပြီဖြစ်၍ ဒေသခံပြည်သူများကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နေကြပြီဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ရွှေပြည်သာမြို့နယ် ပြန်/ဆက်ရုံး၌ ပြပွဲပြိုင်ပွဲများ ကျင်းပ

**ရွှေပြည်သာ စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်းတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန် မြင့်မားလာစေရန်၊ ပြင်ပဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ စိတ်ကြိုက်ပန်းချီ ပြိုင်ပွဲနှင့် ဂိမ်းပြိုင်ပွဲများကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက အဆိုပါ ရွှေပြည်သာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။



အခမ်းအနားတွင် ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်အေးအေးမိုးက ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး အမက(၁၅) မှ ကျောင်းသား ကျောင်းသူ ၁၅ဦးတို့က စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ စိတ်ကြိုက်ပန်းချီပြိုင်ပွဲနှင့် ဂိမ်းကစားပွဲများကို ယှဉ်ပြိုင်ခဲ့ကြကာ ဆုရကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ(အမျိုးသမီး)နှင့် မြို့နယ်ပေါင်းစုံ(အမျိုးသား) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ



မန္တလေး စက်တင်ဘာ ၂၆

၂၀၂၃ခုနှစ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ (အမျိုးသမီး) နှင့် မြို့နယ်ပေါင်းစုံ(အမျိုးသား) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ် ဗထူးမိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကာ ဗိုလ်လုပွဲ၌ ပြင်ဦးလွင်မြို့နယ် အသင်းနှင့် ချမ်းအေးသာစံမြို့နယ် အသင်းတို့ ယှဉ်ပြိုင် ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက အမျိုးသား နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ဒုတိယဆုနှင့် တတိယဆုရ မြို့နယ်အသင်း၊ အမျိုးသမီး သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ဒုတိယဆုနှင့် တတိယဆုရ ခရိုင်အသင်း၊ အမျိုးသား သုံးယောက်တွဲ ပိုက်ကျော်ခြင်း ပြိုင်ပွဲ၌ ဒုတိယဆုနှင့် တတိယဆုရခရိုင်အသင်းတို့ကို အားကစားသမားတစ်ဦးချင်းအလိုက် ဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၌ ပထမဆုရ အမရပူရမြို့နယ်အသင်း၊ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲ၌ ပထမဆုရ ကျောက်ဆည်ခရိုင် အသင်းနှင့် အမျိုးသား သုံးယောက်တွဲ ပြိုင်ပွဲ၌ ပထမဆုရ ပြင်ဦးလွင်မြို့နယ် အသင်းတို့အား ပထမ တံခွန်စိုက်ဆုဖလားများနှင့် ငွေသားဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကောလင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား မိုးရာသီအားကစားပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ကောလင်း စက်တင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား မိုးရာသီအားကစားပြိုင်ပွဲ (ဖူဆယ်၊ ဘော်လီဘော၊ ကြက်တောင်ရိုက်)ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း၌ ကျင်းပသည်။

ဆုပေးပွဲအခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူရက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယဆုရရှိသော မီးသတ်ဦးစီးဌာနနှင့် တတိယဆုရရှိသော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘော်လီဘော(ကျား)ပြိုင်ပွဲတွင် ပထမဆုရရှိသော မြို့နယ်ရဲတပ်ဖွဲ့၊ ဒုတိယဆုရရှိသော ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် တတိယဆုရရှိသော မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘော်လီဘော(မ)ပြိုင်ပွဲတွင်လည်း ပထမဆုရရှိသော မြို့နယ်ရဲတပ်ဖွဲ့၊ ဒုတိယဆုရရှိသော ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ တတိယဆုရရှိသော မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ပြိုင်ပွဲဝင် အားကစားသမားများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့်ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## အာရှအားကစားပြိုင်ပွဲတွင် မြန်မာတိုက်ကွမ်ဒိုအားကစားမယ် မိုးမြင့်မြတ် ပထမအဆင့်တွင် ရှုံးနိမ့်

ရန်ကုန် စက်တင်ဘာ ၂၆

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ တိုက်ကွမ်ဒိုပြိုင်ပွဲ တတိယနေ့ကို စက်တင်ဘာ ၂၆ ရက်က ဆက်လက်ကျင်းပရာ မြန်မာတိုက်ကွမ်ဒိုအားကစားမယ် မိုးမြင့်မြတ် ပထမအဆင့်တွင် ရှုံးနိမ့်ခဲ့သည်။

မိုးမြင့်မြတ်သည် ပထမအဆင့် (၃၂ ဦးအဆင့်) တွင် ထိုင်းနိုင်ငံသူ ချောင်ခိုဝါတာနာဝါနှင့် တွေ့ဆုံခဲ့ပြီး (၂-၀) ဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မိုးမြင့်မြတ်သည် ပထမအဆင့်တွင် အရေးနိမ့်ခဲ့သဖြင့် ပြိုင်ပွဲမှ စောစီးစွာ ထွက်ခွာခဲ့ရသည်။

**ကိုညီလေး**

❍ ကျောဖုံးမှ

ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး စွမ်းရည်ထက်နိုင်၊ အေးသစ္စာမြင့်နှင့် မြတ်နိုးအိမ်တို့ သုံးဦး ယှဉ်ပြိုင်ထားပြီးဖြစ်သည်။

ဝူရှူးပြိုင်ပွဲ စတုတ္ထနေ့ကို စက်တင်ဘာ ၂၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အမျိုးသမီး ကျန့်စုနှင့် ချန်းစုပြိုင်ပွဲ နှစ်ခုပေါင်းတွင် စန္ဒီဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ကိုညီလေး၊ ဓာတ်ပုံ-ဝူယွမ်တောင်**

❂ မြန်မာပိုက်ကျော်ခြင်းအသင်းမှ

ပိုက်ကျော်ခြင်းအားကစားနည်းတွင် ပြိုင်ပွဲအမျိုးအစား ခြောက်မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်နိုင်ငံတစ်နိုင်ငံလျှင် အမျိုးသားပွဲစဉ် နှစ်ခု၊ အမျိုးသမီးပွဲစဉ် နှစ်ခုယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ကာ မြန်မာပိုက်ကျော်ခြင်းအသင်းသည် လေးယောက်တွဲ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ သုံးယောက်တွဲ အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတွင် ယှဉ်ပြိုင်ခြင်းဖြစ်သည်။ လေးယောက်တွဲ အမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းသည် လာအို၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ အင်ဒိုနီးရှားတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုပွဲများအဖြစ် အောက်တိုဘာ ၁ ရက်တွင် လာအိုအသင်း၊ အောက်တိုဘာ ၂ ရက်တွင် အင်ဒိုနီးရှားအသင်း၊ ဗီယက်နမ်အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။ အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းသည် ဗီယက်နမ်၊ ဂျပန်၊ အင်ဒိုနီးရှားတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အုပ်စုပွဲများအဖြစ် အောက်တိုဘာ ၁ ရက်တွင် ဗီယက်နမ်အသင်း၊ ဂျပန်အသင်း၊ အောက်တိုဘာ ၂ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

မြန်မာပိုက်ကျော်ခြင်းအသင်း ယှဉ်ပြိုင်မည့် သုံးယောက်တွဲ အမျိုးသမီးပြိုင်ပွဲနှင့် အမျိုးသားပြိုင်ပွဲကို အောက်တိုဘာ ၅ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

### ကုန်သွယ်/စီးပွား

## ကျောက်ဆည်ခရိုင်၌ ကြက်သွန်နီများ စတင်စိုက်ပျိုး

ကျောက်ဆည် စက်တင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် စားဖိုဆောင်သီးနှံ တစ်မျိုးဖြစ်သည့် ကြက်သွန်သီးနှံကို ခရိုင်အတွင်း ၁၉၉၄ ဧက စိုက်ပျိုးရန် လျာထားလျက်ရှိကြောင်း လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဌာန၏ စာရင်းများအရ သိရသည်။

စက်တင်ဘာလ (တတိယပတ်)မှစ၍ ကြက်သွန်နီများကို မြစ်သားမြို့နယ်အတွင်းရှိ ကသဲကုန်းကျေးရွာ၊ ထနောင်းကုန်းကျေးရွာနှင့် ရွှေကြာအင်းကျေးရွာတို့တွင် စတင်စိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀၀ ခန့်ကုန်ကျကြောင်း၊ မျိုးအနေဖြင့် ရွှေဖလားမျိုးနှင့် ရွှေဖလား ထိပ်မောက်မျိုးများကို အများဆုံး စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုနည်းလမ်းများအနေဖြင့် ပျိုးထောင် စိုက်ပျိုးခြင်းများ ရှိသကဲ့သို့ ပျိုးထောင်ချိန်မရသော တောင်သူများမှာ ပျိုးပင်တစ်ပေါင်လျှင် ကျပ်၂၀၀၀၀၀ ဖြင့် ပျိုးပင်များ ဝယ်ယူ၍ စိုက်ပျိုးရကြောင်း၊ ရာသီဥတုအနေဖြင့် မိုးရွာသွန်းမှုများ ရှိသောကြောင့် ကြက်သွန်နီ စိုက်ပျိုးမှုအတွက် အထောက်အကူဖြစ်ရာ ကြက်သွန်နီ စိုက်ပျိုးမှု အကောင်းဆုံးအချိန်ဖြစ်ကြောင်း စိုက်ပျိုးသူ တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။



## မိတ္ထီလာခရိုင်၌ မြေပဲသီးနှံများ စတင်ရိတ်သိမ်းလျက်ရှိ

မိတ္ထီလာ စက်တင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်း မြေပဲသီးနှံများကို မေလတွင် စတင် စိုက်ပျိုးခဲ့ရာ ယခုအချိန်တွင် စတင်ရိတ်သိမ်းနေပြီဖြစ်ကြောင်း၊ စိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် မြေပဲတစ်ဧကလျှင် ကျပ် ၃၆၀၀၀၀ ခန့် ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် တင်း ၃၀ ခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် မြေပဲအတောင့်တစ်တင်းလျှင် ကျပ် ၂၀၀၀၀၊ မြေပဲဆန် တစ်ပိဿာလျှင် ကျပ် ၈၅၀၀ ရှိကြောင်း ဈေးကွက်မှ သိရသည်။ မြေပဲသီးနှံ တစ်ဧကလျှင် ဝင်ငွေ ကျပ် ၆၀၀၀၀၀ ရရှိပြီး အကျိုးအမြတ်အနေဖြင့် ကျပ် ၂၄၀၀၀၀ ရရှိကြောင်း သိရသည်။



**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်း လျှပ်စစ်မီးများကို လျှော့သုံးပါ

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၆-၉-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၆၅၄၄။ | ဗိုလ်မှူးကြီးစောချစ်သူဦးစီး၍ ကရင်ပြည်နယ် နယ်ခြားစောင့်တပ်ဖွဲ့မိသားစုများကောင်းမှု | ၃၀၀၀၀၀၀၀၀ |
| ၆၅၄၅။ | မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ သဲကုန်းကျေးရွာ မဟာဗုဒ္ဓယောသကျောင်း နိုင်ငံတော်ဗဟိုရ်ဝန်ဆောင် ဆရာတော် ဦးဥတ္တမသာရနှင့် တပည့်ဒါယကာ၊ ဒါယိကာမများကောင်းမှု | ၈၂၅၀၀၀ |
| ၆၅၄၆။ | ဦးသစ္စာနှင့်ဇနီး ဒေါ်စုစုခိုင်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၅၄၇။ | ဦးသောင်းညွန့်နှင့် ဒေါ်အုန်းကြည်၊ ဦးလှမြင့်နှင့် ဒေါ်အေးကြည်တို့အားရည်စူး၍ ဗိုလ်မှူးအုန်းမြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်စိုးစိုးကြည်၊ (သား) ဗိုလ်ကြီးထက်နိုင်ဝင်း၊ မောင်ခန့်မင်းထက်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၅၄၈။ | အလုပ်သင်ဗိုလ်၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃) ကျောင်းဆင်းအရာရှိမိသားစုကောင်းမှု | ၄၉၀၀၀၀ |
| ၆၅၄၉။ | ဦးမောင်မောင်မြင့်အေး(လာဘ်မိုးစွေစာပေ)နှင့်ဇနီး ဒေါက်တာစောယုနွယ်၊ (သားကြီး) ဦးအောင်ကောင်းကျော် နှင့်ဇနီး ဒေါ်စောသီဂီ၊ (မြေးမလေး) မရွှေယွန်းဝတီကျော်၊ (သားငယ်) ဦးစိုးရန်အောင်နှင့်ဇနီး ဒေါ်သက်သခင်ကျော်ကျော်၊ (မြေးလေး) မောင်အောင်သိခ်ထွဋ်ကျော်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၅၅၀။ | ဦးဇော်မိုးသန့်(ခ)ဦးမိုးကြီးနှင့်ဇနီး ဒေါ်ခင်စမ်းရည်၊ (သား) ဒေါက်တာဇော်မျိုးထက်နှင့်ဇနီး မဇင်ဇေပရယ်မိုးသန့် (ဒု/ညွှန်မှူး)၊ (သမီး) မသီရိမိုးသန့်(ဦးစီးအရာရှိ MRTV)၊ (သား) ကိုသော်ဇင်မိုးသန့်(S.A.E)၊ (မြေး) မစုအမရာမေ၊ မမေသွန်းထက်၊ မကြည်ချမ်းမြေ့မေမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၅၅၁။ | တပ်ကြပ်ကြီးစိုးပိုင်အားရည်စူး၍ ဇနီး ဒေါ်မာမာရီ မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၆၅၅၂။ | ကိုရန်နိုင်လင်းနှင့်ဇနီး မနှင်းသီတာမိုး မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၆၅၅၃။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးနိုင်ဝင်းအောင်နှင့်ဇနီး ဒေါ်နန်းအေးမြတ်စိုး မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၆၅၅၄။ | ဦးထွန်းသန်းအုန်းနှင့်ဇနီး ဒေါ်တင်ဥမ္မာ မိသားစုကောင်းမှု | ၁၁၁၁၁၁ |
| ၆၅၅၅။ | ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းမိသားစုများကောင်းမှု | ၁၁၀၀၀၀ |
| ၆၅၅၆။ | ဦးဝင်းတင်နှင့်ဇနီး ဒေါ်တင်ဌေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၅၇။ | ဦးထက်ကိုကိုအားရည်စူး၍ (သား) မောင်ဘုန်းသန့်ကိုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၅၈။ | ဦးစိုးညွန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၅၉။ | ကွယ်လွန်သူဖခင် ဦးစိုးမောင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၆၀။ | ဦးစိန်ထွန်းနှင့်ဇနီး ဒေါ်ငြိမ်းအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၆၁။ | ကွယ်လွန်သူ ဗိုလ်ကြီးစိန်သောင်း (၅၁)နှစ်ပြည့် အားရည်စူး၍ ဇနီး ဒေါ်တင်တင်ဝင်း၊ (သား) ဦးဇော်ဝင်းနိုင်၊ (သမီး) ဒေါ်နေနွယ်အေး၊ ဦးနီကျန်းနှင့်ဇနီး ဒေါ်ဇင်ဝင်းခိုင်၊ ဦးဟိန်းထက်စိုးနှင့်ဇနီး ဒေါ်ဇင်သင်းခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၆၂။ | ကွယ်လွန်သူ ဦးမြလှိုင် (၃)နှစ်ပြည့်နှင့် ကွယ်လွန်သူ ဒေါ်ကျင်ငြိမ်း(ခ)ဒေါ်မာမာ (၁)နှစ်ပြည့် တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၆၃။ | နှစ်ဖက်သောမိဘများကိုအမှူးထား၍ ဦးတင်ထွန်းအောင်နှင့်ဇနီး ဒေါ်နှင်းနှင်းဝင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၆၄။ | ဦးအောင်မြတ်နှင့်ဇနီး ဒေါ်လတ်လတ်ကျော်၊ (သမီး) မချောစကေရီကျော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၆၅။ | ဦးခင်မောင်လွင်နှင့်ဇနီး ဒေါ်အေးအေးခိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၆၆။ | ဦးရဲထွန်းနှင့်ဇနီး ဒေါ်အေးအေးမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၆၇။ | မိဘနှစ်ပါးအားရည်စူး၍ ဒေါ်ကလျာနွယ်ကြည် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၆၈။ | ဘဒ္ဒန္တသောဘန မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနတက္ကသိုလဓမ္မစရိယ BA၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၆၉။ | အရှင်အာစိဏ္ဏ(အောင်မေဉ်စံစာသင်တိုက်)ကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၇၀။ | ဒေါ်ရင်စိန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၇၁။ | ဒေါ်တင်တင်ရီနှင့် သား၊ သမီးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၇၂။ | ဦးနေဝင်းနှင့်ဇနီး ဒေါ်နန်းခင်မြရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၅၇၃။ | ဗိုလ်ကြီးမျိုးဇော်ထွန်းနှင့်ဇနီး မခင်သီရိထွန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၇၄။ | ဦးဝင်းနိုင်နှင့် ဒေါက်တာဖြိုးမင်းမင်းစိုး (ပုလဲရတနာသွားဆေးခန်း)မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၇၅။ | ဒေါ်ခင်ညိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၇၆။ | ကိုဝင်းထွဋ်နှင့်ဇနီး မမော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၇၇။ | ဦးအောင်ကျော်ဦးနှင့်ဇနီး ဒေါ်စန်းစန်းဌေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၇၈။ | ဦးသိန်းဇော်နှင့်ဇနီး ဒေါ်တင်တင်ဌေး၊ (သား) မောင်အောင်သန့်ကျော်၊ (သမီး) မအေးသိမ့်သိမ့်သူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၇၉။ | ဦးသိန်းနိုင်စိုးနှင့်ဇနီး ဒေါ်တင်မူမူရှိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၈၀။ | ဦးအောင်မြတ်ခိုင်နှင့်ဇနီး ဒေါ်လဲ့လဲ့အောင်၊ (သား) မောင်သန့်ဇင်ငြိမ်း၊ မောင်ခွန်းသုဇာဏ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၈၁။ | ဦးမြတ်စိုးနှင့်ဇနီး ဒေါ်မျိုးမျိုးမြတ်၊ (သား) မောင်နေလင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၈၂။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်တင်တင်အေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၈၃။ | ဦးလှစိန်နှင့်ဇနီး ဒေါ်ခင်သန်းရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၈၄။ | ဦးလင်းခိုင်နှင့်ဇနီး ဒေါ်ယဉ်ယဉ်ဝင်း၊ (သား) မောင်ဟိဏ်းတေဇ၊ (သမီး) မခြူးရတီစံ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၈၅။ | ဦးအောင်သူရ နှင့်ဇနီး ဒေါ်စန်းစန်းထွေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၅၈၆။ | ဦးစိုးသိန်းနှင့်ဇနီး ဒေါ်ထွေးကြည် မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅/ကံဘဲ့)၊ မြေကွက်အမှတ်(၄၈/က-၂၂)၊ ဧရိယာ(၀.၁၉၂)ဧက၊ မြေကွက်တည်နေရာအမှတ်(၄၀/၈)၊ မြစပ္ပါယ်လမ်း၊ ပါရမီ၊ မရမ်းကုန်းမြို့နယ်၊ ဦးအောင်စိုး(CA-၀၆၇၁၀၂)၊ ဒေါ်လှလှမေ(CA- ၀၆၇၁၀၃)အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား ဦးအောင်စိုးသည် ၁၅-၅-၂၀၂၁ ရက်နေ့တွင်လည်းကောင်း၊ ဒေါ်လှလှမေသည် ၁၉-၁၂-၂၀၁၈ ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် သမီးဖြစ်သူ ဒေါ်မိမိစိုး [၁၂/ကတတ(နိုင်) ၀၀၄၃၅၁]မှ တစ်ဦးတည်းသောသမီးဖြစ်သည့် ၎င်းသည်သာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး ၎င်းတစ်ဦးတည်းမှလွဲ၍ အခြားအမွေဆက်ခံပိုင်ဆိုင်သူ တစ်ဦးတစ်ယောက်မှ မရှိသည်မှာ မှန်ကန်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်- ၂၃၃/၂၀၂၃(၂-၈-၂၀၂၃)၊ ထပ်ဆင့်ကျမ်းကျိန်လွှာ(၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ သေစာရင်း၊ သန်းခေါင်စာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ဦးတင်ဝင်းနိုင် [၁၂/ဒဂရ(နိုင်)၀၁၈၅၉၉]၏ သား၊ ကျောက်တံတားမြို့နယ် အ.မ.က (၅) KG မှ မောင်သူရနိုင်အား သုတနိုင် ဟုပြောင်းလဲခေါ်ပါရန်။

**မောင်သုတနိုင်**

## ဖခင်အမည်မှန်

နောင်ချိုမြို့နယ်၊ သုံးဆယ် အထက၊ Grade-12 မှ မောင်ရဲဝင်းနောင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးသူ [၁၃/နခတ(နိုင်)၀၆၆၄၀၀] ဖြစ်ပါကြောင်း။

**ဦးမျိုးသူ**

## ဖခင်အမည်မှန်

နောင်ချိုမြို့နယ်၊ အထက (၁)၊ Grade-11 မှ မနန်းလှဦး၏ ဖခင်အမည် မှန်မှာ ဦးစိန်ဦး [၁၃/နခတ (နိုင်) ၀၆၉၅၆၁] ဖြစ်ပါကြောင်း။

**ဦးစိန်ဦး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၃)၊ မြေကွက်အမှတ် (၅၉၅)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေ အနက်မှ အကျယ်အဝန်း(၂၀ x ၆၀)ပေ မြေကွက်အမှတ်(၅၉၆နှင့် ကပ်လျက်အခြမ်း) ပါမစ်မူရင်းခြမ်း၊ မြေကွက်နှင့် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ဖြစ်သူ ဒေါ်သန်းသန်း [၁၂/သကတ(နိုင်)၁၁၇၆၀၅] ထံမှ စာချုပ်အဆက်စပ်များဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးသန်းဇော်ဌေး[၈/မမန(နိုင်)၁၉၃၄၁၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်ရီ [၁၂/ဥကတ(နိုင်)၀၁၇၅၇၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် (၃)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သဲစုထွေး ( LL.B, D.B.L, D.M.L, D.I.L )**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၁၂၁၇၃)**
**အမှတ် – ၆၂ (ပထမထပ်)၊ အခန်းအမှတ် – ၉၊ ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၂၅၁၀၂၀၄၁၅၊ ၀၉–၆၇၂၄၄၄၆၅၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃) ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ်(A–1)ပေါ်တွင် ဆောက်လုပ်ထားသော အောင်ချမ်းသာကွန်ဒို၊ Basement ပါ (၈) ထပ်ခွဲတိုက်၏ (5th–Floor)၊ အခန်းအမှတ်(506)၊ အကျယ်အဝန်း (၁၀၇၉) စတုရန်းပေရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ပရိဘောဂများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူများဖြစ်ကြသော ဦးသက်လွင်ကျော် [၁၂/မဂတ(နိုင်)၀၇၂၁၀၇] နှင့် ဒေါ်တင်နွယ်နွယ်အေး [၁၃/ရစန(နိုင်)၀၄၄၂၀၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်နေ့မှ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝတ်ရည်ထွန်း (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၁၁၅၉၈)**
**အမှတ် (၁၂၉၅)၊ မိုးကောင်းလမ်း၊ (၄၀) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၃၀၂၃၂၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ( ၈ )ရပ်ကွက်၊ အမှတ် (၆)၊ အခန်းအမှတ် (၄–ဂ)၊ (၄–လွှာ)၊ ရေ၊ မီးအစုံအပါအဝင် တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သီတာချို [၁၄/ကလန(နိုင်)၁၀၅၄၉၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နန်းကြည်မေ (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၇၃၂၁)**
**ဖုန်း– ၀၉–၄၄၀၇၁၉၀၉၇**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ပေါ်တော်မူဘုရားလမ်း၊ အမှတ်(၉)ရှိ အလျား(၂၅)ပေxအနံ (၆၀)ပေရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ တစ်နည်းနည်းဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူနှင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးလှစိန် [၁၂/မရက(နိုင်)၁၉၁၉၃၂]နှင့် စေ့စပ်ညှိနှိုင်း သဘောတူညီခဲ့ကြပြီး မြေကွက်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်တော်၏ မိတ်ဆွေ ဦးလှစိန်၏ သဘောတူညီခွင့်ပြုချက်မရဘဲ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်းများ ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ထိုသို့ တားမြစ်ထားပါလျက် ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်းများ ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကျော်မြင့် LL.B., BSc. Engg (EC)**
**အထက်တန်းရှေ့နေ(စဥ်–၃၈၃၇၁)**
**အမှတ် (၆)၊ မြေညီ(ယာ)၊ ၁၆၁–လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၂၀၁၀၅၁၈၁၊ ၀၁–၅၅၇၉၁၂**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(ခ/၈၄)ဟု ခေါ်တွင်သော အကျယ်အဝန်း(၃၃ပေ/၃၆ x ၆၀ပေ/၅၃)ခန့်ရှိသော မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း(၁၆.၅ပေ/၁၈ x ၆၀ပေ/၅၈)ခန့်ရှိသော မြေကွက် (မြေကွက်ကြီး မျက်နှာမူလျှင်ဘယ်ဘက်ခြမ်း)နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေကွက်ကို လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်အေးအေးအောင် [၁၂/မရက(နိုင်)၀၁၁၁၅၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ယဥ်မင်းဦး [၁၂/မရက(နိုင်)၁၇၂၉၇၅]က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်သီရိလှိုင်(တရားလွှတ်တော်ရှေ့နေ)** | **ဒေါ်ရည်မွန်အောင်(အထက်တန်းရှေ့နေ)** |
| **(စဥ်–၁၅၂၆၀)** | **(စဥ်–၅၀၆၁၂)** |

**တိုက်အမှတ်(၂၄၇)၊ မြေညီထပ်၊ တပင်ရွှေထီးလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း–၀၉–၄၅၅၁၀၀၈၆၃**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(ခ/၈၄)ဟုခေါ်တွင်သော အကျယ်အဝန်း(၃၃ပေ/၃၆ x ၆၀ပေ/၅၃)ခန့်ရှိသော မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း(၁၆.၅ပေ/၁၈ x ၅၈ပေ/၅၃)ခန့်ရှိသော မြေကွက် (မြေကွက်ကြီး မျက်နှာမူလျှင်ဘယ်ဘက်ခြမ်း)နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေကွက်ကို လက်ဝယ်ထားပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ဇာခြည် [၁၂/မရက(နိုင်)၁၂၆၀၈၄]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးကျော်ဇေယျ[၁၂/မရက(နိုင်) ၁၃၀၁၇၄]က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်သီရိလှိုင်(တရားလွှတ်တော်ရှေ့နေ)** | **ဒေါ်ရည်မွန်အောင်(အထက်တန်းရှေ့နေ)** |
| **(စဥ်–၁၅၂၆၀)** | **(စဥ်–၅၀၆၁၂)** |

**တိုက်အမှတ်(၂၄၇)၊ မြေညီထပ်၊ တပင်ရွှေထီးလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း–၀၉–၄၅၅၁၀၀၈၆၃**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်တက္ကသိုလ်
## (၁၂၉) ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်တက္ကသိုလ် ၂၀၁၉–၂၀၂၀ ပညာသင်နှစ်၊ ၂၀၂၀–၂၀၂၁ ပညာသင်နှစ်၊ ၂၀၂၁–၂၀၂၂ ပညာသင်နှစ်နှင့် ၂၀၂၂–၂၀၂၃ ပညာသင်နှစ်တို့တွင် ကျင်းပခဲ့သော ပါရဂူဘွဲ့၊ မဟာဥပဒေဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့ (CHRD)၊ ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့၊ သိပ္ပံ(ဂုဏ်ထူး)ဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့၊ စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ဘွဲ့နှင်းသဘင် တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာပုံစံများကို၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂)ရက်မှ ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ( ၈ )ရက် အထိ တင်သွင်းလျှောက်ထားနိုင်ပါသည်။ ယခင်နှစ်များက ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံ မတင်သွင်းခဲ့ကြသူများသည်လည်း အဝေးရောက်ဘွဲ့အတွက်သာလျှင် လျှောက်ထားနိုင်ပါသည်။

၂။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ဌာနတွင် ရယူလျက် (၃)လအတွင်း ရိုက်ကူးထားသော (၁.၅ x ၂) လက်မအရွယ်ဆေးသားကောင်းသည့် ဓာတ်ပုံအသစ်(၂)ပုံ [အမျိုးသမီးများ မြန်မာအမျိုးသမီးများဝတ်စုံဖြင့်၊ အမျိုးသားများ မြန်မာအမျိုးသားဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ အပြည့်ဖြင့်] မှတ်ပုံတင်မိတ္တူ၊ ကျောင်းသားမှတ်ပုံတင်ကတ်ပြား မူရင်းနှင့်မိတ္တူတို့ကို ပူးတွဲ၍လျှောက်ထားရမည်။ ဤတက္ကသိုလ်မှ ယခင်ဘွဲ့ရပြီးဖြစ်ပါက ဘွဲ့လက်မှတ် မိတ္တူကို တစ်ပါတည်း ယူဆောင်လာရမည်။

၃။ ပါရဂူဘွဲ့လျှောက်ထားမည့်သူများသည် (၁.၅ x ၂)လက်မအရွယ်ဆေးသားကောင်းသည့် ဓာတ်ပုံ (၃)ပုံ ယူဆောင်လာရမည်။

၄။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး မတက်ရောက်ပါက သတ်မှတ်ကာလရောက်မှသာ ဘွဲ့လက်မှတ်ထုတ်ပေးမည်။

၅။ ဘွဲ့နှင်းသဘင်ပုံစံ တင်သွင်းသူများသည် ဘွဲ့တက်ရောက်ယူပါက ဘွဲ့နှင်း သဘင်ကြေး ၁၅၀၀/– ကျပ် (ကျပ်တစ်ထောင့်ငါးရာတိတိ) ပေးသွင်းကြရမည်။ အဝေးရောက်ဘွဲ့ယူပါက အဝေးရောက် ဘွဲ့ကြေး ၁၀၀၀/–ကျပ် (ကျပ်တစ်ထောင်တိတိ) ပေးသွင်းကြရပါမည်။

၆။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို သက်ဆိုင်ရာ ရန်ကုန်တက္ကသိုလ် ငွေလက်ခံဌာနသို့ စာတိုက်ငွေပို့လွှာ(Postal Money Order )ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ထင်ရှားစွာရေးသား၍ လျှောက်လွှာရှင်၏အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား အမှတ်၊ ဖခင်အမည်၊ ခုံအမှတ်၊ အထူးပြုဘာသာ စသည်တို့ကို တိကျစွာ ဖော်ပြရပါမည်။

၇။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အစီစဥ်အသေးစိတ်ကို ထပ်မံကြေညာပါမည်။

**ဌာနမှူး**
**(သင်တန်းရေးရာ)**
**ရန်ကုန်တက္ကသိုလ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ် ၆၆၂၊ ဦးပိုင်အမှတ်(၃၅)ခဲစင်းတောင်ဘက်ခြမ်း၊ လမ်း၄၀ x ၇၉.A လမ်းထောင့်ရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးမျိုးသန့်ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၂၃၅၁/၂၀၀၉)ဖြင့် ဝယ်ယူခဲ့သူ ဦးသန်းမောင်[၁၃/နဆန(နိုင်)၀၃၀၅၄၈]၊ ဒေါ်ရွှေဌေး[၁၃/နဆန(နိုင်)၀၃၀၅၄၇]တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၈၉၅/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သီတာဆွေ[၉/မရမ(နိုင်)၀၂၇၃၈၅]က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၈၈–၄)၊ ဦးပိုင်အမှတ်–၁၄(ခဲစင်း)၊ ၅၆ x ၅၇ လမ်းကြား၊ အောင်ဆန်းလမ်းနှင့် ၄ရွှေဝါလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်တင့်[၉/အမရ(နိုင်) ၀၇၉၀၅၃]၏(GP ရသူ ဦးအဟ္မာ)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၄၃၆၇/၂၀၂၃–၂၀၂၄)ဖြင့် တောမှ မြို့ပြောင်း/သက်တမ်းတိုး /ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊(၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ်(ဂ)လမ်း၊ အခန်းအမှတ်(၂၁၃)၊ (၄)ခန်းတွဲ (၄)ထပ်တိုက်၏ မြေညီထပ်၊ အကျယ်အဝန်း (၁၂ပေ x ၅၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိအရောင်းအဝယ် စာချုပ်အဆက်ဆက်တို့အရ ဒေါ်ဖြူဖြူသန့် (၁၄/မမက(နိုင်)၁၁၄၃၁၃)က ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း မူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ကေသီဖြိုးကျော် (LL.B, D.B.L, D.M.L)
တရားလွှတ်တော်ရှေ့နေ (စဥ် – ၁၃၁၇၈)
အမှတ်(၅၄)၊ မင်္ဂလာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉ ၄၂၄၁၆၈၉၈၉၊ ၀၉ ၇၈၀၄၆၈၈၃၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်အဝေးသင်တက္ကသိုလ်
## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၁၉ပညာသင်နှစ်နှင့် ၂၀၂၂ ပညာသင်နှစ် နိုင်ငံခြားစာစစ်မှ ဝိဇ္ဇာဘွဲ့အောင်မြင်သူများ၊ ရန်ကုန်အဝေးသင်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ Online ဖြင့် ဖွင့်လှစ်သည့် ၂၀၂၂ ပညာသင်နှစ်အတွက် Bachelor of Laws (LLB)၊ Master of Laws (LLM)၊ Post Graduate Diploma in Law (PGDL)၊ (14th Batch, 15th Batch, 16th Batch)၊ Post Graduate Diploma in Business (PGDB) First Batch နှင့် Second Batch၊ Post Graduate Diploma in Goegraphy of Tourism (PGDGT) First Batch သင်တန်း အောင်မြင်သူများအတွက် (၁၇၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် KMD Institute တို့ ပူးပေါင်းဖွင့်လှစ်သည့် Diploma in Network Communication (သင်တန်းအမှတ်စဥ် ၃၈ မှ ၅၃ ထိ)၊ Diploma in Web Development (သင်တန်းအမှတ်စဥ် ၃၀ မှ ၄၃ အထိ) နှင့် Diploma in Business Information System (သင်တန်းအမှတ်စဥ် ၃၀ မှ ၄၃ အထိ) ပဥ္စမအကြိမ်မြောက် ဒီပလိုမာလက်မှတ်အပ်နှင်းသည့် အခမ်းအနားကို အောက်ပါ အစီအစဥ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အခမ်းအနားသို့ တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက် ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည် –

**(က) (၁၇၄) ကြိမ်မြောက် ဘွဲ့နှင်းသဘင် (၂၃–၁၂–၂၀၂၃) ရက်၊ (စနေနေ့) နံနက်ပိုင်း (နံနက် ၉:၀၀ နာရီ)**

(၁) ၂၀၁၉ ပညာသင်နှစ်၊ ဝိဇ္ဇာဘွဲ့ (နိုင်ငံခြားစာစစ်ဌာန)
(၂) ၂၀၂၂ ပညာသင်နှစ်၊ ဝိဇ္ဇာဘွဲ့ (နိုင်ငံခြားစာစစ်ဌာန)
(၃) ၂၀၂၂ ပညာသင်နှစ်၊ Bachelor of Laws (LLB) (Online)
(၄) ၂၀၂၂ ပညာသင်နှစ်၊ Master of Laws (LLM) (Online)
(၅) Post Graduate Diploma in Law (PGDL) 14th Batch, 15th Batch, 16th Batch
(၆) Post Graduate Diploma in Business (PGDB) 1st Batch, 2nd Batch
(၇) Post Graduate Diploma in Goegraphy of Tourism (PGDGT) 1st Batch

(အစမ်းလေ့ကျင့်ရန် ၂၁–၁၂–၂၀၂၃ ရက် (ကြာသပတေးနေ့)၊ နံနက် ၉:၀၀ နာရီ)

**(ခ) ပဥ္စမအကြိမ်မြောက် ဒီပလိုမာလက်မှတ် အပ်နှင်းသည့်အခမ်းအနား(KMD)**
**(၂၄–၁၂–၂၀၂၃) ရက်၊ (တနင်္ဂနွေနေ့) နံနက်ပိုင်း (နံနက် ၉:၀၀ နာရီ)**

(၁) Diploma in Business Information System (သင်တန်းအမှတ်စဥ် ၃၀ မှ ၄၃ အထိ)

**(၂၄–၁၂–၂၀၂၃) ရက်၊ (တနင်္ဂနွေနေ့) မွန်းလွဲပိုင်း (မွန်းလွဲ ၂:၀၀ နာရီ)**

(၁) Diploma in Network Communication (သင်တန်းအမှတ်စဥ် ၃၈ မှ ၅၃ ထိ)
(၂) Diploma in Web Development (သင်တန်းအမှတ်စဥ် ၃၀ မှ ၄၃ အထိ)

၂။ လျှောက်လွှာပုံစံကို (၂ x ၁½) လက်မအရွယ် ကြည်လင်ပြတ်သားသည့်(၃လ အတွင်း ရိုက်ကူးထားသည့်) ဓာတ်ပုံအသစ် (၂)ပုံ **(ဓာတ်ပုံတွင် လက်ပြတ်အင်္ကျီ မဖြစ်စေရ)**နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတို့ကို ပူးတွဲ၍ (၂၇–၉–၂၀၂၃) ရက်နေ့မှစ၍ (၂၇–၁၀–၂၀၂၃) ရက်နေ့ အထိ နောက်ဆုံးထားလျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်၍ ဘွဲ့ယူလိုသူပုဂ္ဂိုလ်များသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀/–(ကျပ်တစ်ထောင့်ငါးရာတိတိ)ကိုလည်းကောင်း၊ အဝေးရောက်ဘွဲ့ယူလိုသူ ပုဂ္ဂိုလ်များသည် အဝေးရောက်ဘွဲ့ကြေး ၁၀၀၀/– (ကျပ်တစ်ထောင်တိတိ) ကိုလည်းကောင်း ပေးသွင်းရပါမည်။

၄။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့ လက်မှတ်များ ထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ – ၀၁–၇၅၂၅၁၄၆၊ ၀၁–၇၅၃၇၇၃၆၂

**(သန်းစိန်)**
**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၁)၊ ဦးပိုင်အမှတ်(၆၄)၊ ၅၃x၅၄ လမ်းကြား၊ နှင်းဆီလမ်းနှင့် မြတ်လေးလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ဇနီးဖြစ်သူ ဒေါ်သန်းဌေး ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၁၆၃၈/၂၀၁၅)ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးကျော်ခိုင် [၉/ခမစ(နိုင်)၀၇၄၅၄၂]၏ (SP ရသူ ဒေါ်ရန်ချိုင်းရှိန်)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်– ၄၃၆၅/၂၀၂၃–၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–၁၇၊ မြေကွက်အမှတ်(၇၃၁)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ဦးလှသွင်(AD–၀၄၉၃၉၂) အမည်ပေါက် ပါမစ်မြေအနက်မှ ယင်းမြေကွက်ပေါ်ရှိ ဒေါ်စိုးသီတာပိုင်ဆိုင်သော(၁၀ပေx၆၀ပေ)ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ၁၇–ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ အမှတ်(၇၃၁) ဟုခေါ်တွင်သော နေအိမ်အဆောက်အဦအပါအဝင် အိမ်နှင့်မြေ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိထားပိုင်ဆိုင်သူ ဒေါ်စိုးသီတာ[၁၂/ဒဂတ (နိုင်) ၀၄၄၄၆၂]ထံမှ ဒေါ်ခင်သီတာဦး [၁၂/တမန(နိုင်)၁၀၅၅၁၄]က အဆိုပါ အိမ်မြေ၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေဝယ်ယူထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စအတွက် ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ခိုင်မာသောကန့်ကွက်မှု တစ်စုံတစ်ရာ မရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ရုံး – အမှတ်(၅၀)စီ/၃၊ (ပ)ထပ်၊ ဘဏ်လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** | **ဦးလှမင်း (ပေါင်းတည်)** |
| | **LL.B (ADVOCATE)** |
| **ဖုန်း – ၀၉–၅၀၃၃၁၇၂** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဥ်–၅၅၅၅/၉၁)** |

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ ရာဇသင်္ကြန်လမ်း၊ မြေကွက်အမှတ်(၂၃၁/ခ)၊ အကျယ်အဝန်း(၂၀ပေ × ၆၀ပေ)ရှိ ဒေါ်လူစီယာမေရီ (ကေ/အာရ်ဂျီအန် - ၀၄၅၆၇၆)အမည်ပေါက်ပါမစ်မြေကွက်နှင့်နေအိမ် အပါအဝင်အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါမြေကွက်နှင့်နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးမောင်ဇော် (၉/မလန(နိုင်)၁၀၁၉၉၂) ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးအောင်မျိုးသိန်း ( LL.B, DBL, DIL, DA Psy )**

တရားလွှတ်တော်ရှေ့နေ (စဉ် – ၇၈၃၃)

